ကြေးမုံ
The Mirror

၁၃ဖွဲ့ဖွဲ့ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်၊ တနင်္ဂနွေနေ့၊ (28-11-2004)(၄၄၃၁)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုတေးနိုးယားနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်၌ ကျရောက်သော မော်ရိုတေးနိုးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုတေးနိုးယား အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာမာအိုယာ အုလ်(ဒ်)ဆိဒ် အာမက်တာယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာဘ်ခိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ထိပ်သီးအစည်းအဝေးများသို့တက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၇

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဒမ္မတာဘောင်ည်ဗိုရာချစ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ/ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ/ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ–အိန္ဒိယထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ဩစတြေးလျ–နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ နံနက် ၉နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပို့ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံ အကြီးအကဲ/ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ/အစိုးရအကြီးအကဲများ၊ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ–အိန္ဒိယထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ဩစတြေးလျ – နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် မဲ့စည်းဝိုအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၈–၁၁–၂၀၀၄
(တနင်္ဂနွေနေ့)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အခွန်အတုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ကြိုးပမ်းဖော်ဆောင်ရာတွင် ပြည်နယ်နှင့်တိုင်း၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည်။

တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နယ်စပ်ဒေသများတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့ကြောင့် ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများသည် ဖြိုကြဲပြကြီးများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းများတွင် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းများကို ဖော်ဆောင်ပေးနေသည်။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်ဆောင်ရွက်နေသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်အနက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေး လုပ်ငန်းနှစ်ရပ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူ လုပ်ဆောင်လျက်ရှိသည်။

ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနအောက်ရှိ ဖြို့နယ်စည်ပင်သာယာရေး အဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းတွင် နိုင်ငံတော်နှင့်အတူ စေတနာရှင်များ ပူးပေါင်း ပါဝင်လာမှုကြောင့် လုပ်ငန်းများအရှိန်အဟုန်ဖြင့် အောင်မြင်လာသည်ကို တွေ့ရသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး နဝမအကြိမ် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်ဖြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကား ပြောကြား ရာတွင် **တိုင်းသုံးတိုင်းရှိ တူးဖော်ပြီးသော စက်ရေတွင်းများမှာ နိုင်ငံတော် ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ၊ အခြားအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျေးရွာပေါင်း ၆၀၇၈ ရွာတွင် တွင်းတိမ်၊ တွင်းနက် စုစုပေါင်း ၇၃၇၄ တွင်း တူးဖော်ပြီးစီးပြီဖြစ်သည်အတွက် ဆက်လက် တူးဖော်ရန် ယေ ၄၀၀ အထက် တွင်းနက်များသာ အများဆုံး ဆောင်ရွက်ပေးရန် ကျန်ရှိနေသဖြင့် အလှူရှင်များအနေဖြင့် တွင်းနက်များ တူးဖော်နိုင်ရေးအတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းရှိဖြစ်စေ လှူဒါန်းပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း** ပြောကြား သွား သည်။

ရေဆက်ခဲသောအပူပိုင်းဒေသ တိုင်းသုံးတိုင်း ဖြစ်သည့် စစ်တိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့ရှိ ကျေးရွာ ၈၀၄၂ ရွာအနက် ၆၀၇၈ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ကျန်ပြည်နယ်နှင့် တိုင်းများရှိ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ယခုနှစ် အောက်တိုဘာလကုန်အထိ ကျေးရွာပေါင်း ၆၀၉၈ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ကြီးပမ်းဖော်ဆောင်နိုင်ခဲ့မှုကြောင့် ဖြို့နယ်ရှစ်ခုတွင် ဖြို့နယ်လုံးကျွတ် ကျေးရွာအုပ်လုံး သန့်ရှင်းသော သောက်သုံးရေရရှိပြီးဖြစ်သည်။ မကြာမီကာလတွင် ခင်ဦးဖြို့နယ်၊ မြောင်းဖြူနယ်၊ ပွင်ဖြူဖြို့နယ်၊ ဆောဖြို့နယ်၊ သာစည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ အမရပူရဖြို့နယ်နှင့် တံတားဦးဖြို့နယ် စုစုပေါင်း ရှစ်ဖြို့နယ်၌ သန့်ရှင်းသော သောက်သုံးရေရရှိတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ရေဆက်ခဲသည့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် မွန်မြတ်သော လုပ်ငန်းတွင် စေတနာရှင်များ၊ အဖွဲ့အစည်းများက အရိုးနှင့်အဟုန်ဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးဖြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်မြို့ ရွှေဆံတော်စေတီတော် ရွှေသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ပြည်မြို့ ရွှေဆံတော်စေတီတော်အား ရွှေသင်္ကန်းကပ်လှူရန်အတွက် ဗုဒ္ဓ ဓမ္မ သံဃ နိဗ္ဗာန်ဆော်အဖွဲ့က အများပြည်သူ လှူဒါန်းငွေများကို သီတင်းကျွတ်လပြည့်ကျော် ၃ရက်က စေတီတော်၏ ရင်ပြင်တော် အင်္ဂါထောင်ရှိ ဓမ္မာရုံကြီး၌ လှူဒါန်းခဲ့ပြီး ပြည်မြို့ ဈောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် မဟာဂန္ဓဝါစက ပဏ္ဍိတဘဒ္ဒန္တ သုမင်္ဂလထေရ ရေစက်ချ အနုမောဒနာ တရားနာယူကြသည်။

(သတင်းစဉ်)

လယ်တီရိပ်သာ ရွှေရတုတရားပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နီလာလမ်း လယ်တီရိပ်သာ ဗုဒ္ဓတရားတော်နှင့် ဝိပဿနာ လုပ်ငန်းစဉ် ပြန်ပွားရေးဌာန အကြိမ် (၅၀)မြောက် ရွှေရတုတရားစခန်းကို ယနေ့မှစတင်၍ ဒီဇင်ဘာ ၃ရက်အထိ ကျင်းပလျက်ရှိသည်။ အဆိုပါတရားစခန်းတွင် တရားပွဲအဖြစ် ညစဉ် ၇နာရီမှစတင်ကျင်းပရာ နိုဝင်ဘာ ၂၇ရက်ညတွင် ဘဒ္ဒန္တ ဓာဂရာဘိဝံသ ဆရာတော်က ဟောကြားခဲ့ပြီး ဆက်လက်၍ ၂၈ရက်တွင် ဘဒ္ဒန္တ သီလကုန္ဒာဘိဝံသ၊ ၂၉ရက်တွင် ဘဒ္ဒန္တ ရာဇမဓ္ဓာဘိဝံသ၊ ၃၀ရက်တွင် ဘဒ္ဒန္တ သုန္ဒရ၊ ဒီဇင်ဘာ ၁ရက်တွင် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ(သ–စ–အ)၊ ၂ရက်တွင် ဘဒ္ဒန္တ နရဝတ်နှင့် ၃ရက်တွင် ဘဒ္ဒန္တ စာဂရတို့က ဟောကြား ကြမည်ဖြစ်သည်။

(က–ပ)

မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး ဓမ္မပူဇာအထူးတရားပွဲ

ကမ္ဘာဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ကြီးအား အမှူးထားလျက် ချမ်းမြေ့ဓမ္မသဘင် တရားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုနာကြားတော်မူကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တရားပွဲကောင်းမှုရှုင်များ။

ကျင်းပမည့်နေ့ရက်။ ။ ၁၃ဖြဇနှစ် တန်ဆောင်မုန်းလပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်ကျော် ၁၊ ၂ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်)အထိ

ကျင်းပမည့်အချိန် ။ ည ၇ နာရီတိတိ

ကျင်းပမည့်နေရာ ။ "မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး"
ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည်မြင်တိုင်ဖြို့နယ် ရန်ကုန်ဖြို့။

သင်္ဃဒါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာခိုက်ပါစေ . . .။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအတွက် ကြိုဆိုပို့ဆောင်ရေး မော်တော်ယာဉ် ကုသိုလ်အလှူရှင်များပီတိခေါ်ခြင်း

၁။ ရန်ကုန်တိုင်း မရမ်းကုန်းဖြို့နယ် ကမ္ဘာ့အေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၉–၁၂–၂၀၀၄ ရက်နေ့မှ ၁၁–၁၂–၂၀၀၄ ရက်နေ့အထိ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ကြွရောက်တော်မူလာမည် ပြည်ပနိုင်ငံများမှ အဖွဲ့ခေါင်းဆောင် ဆရာတော် ၃၅ပါးအတွက် တစ်ပါးစီ အသုံးပြုရန်အတွက် ဆလွန်း (1995 Model) မော်တော်ယာဉ် ၃၅စီးကို ခေတ္တအသုံးပြုခွင့် အကူအညီပေးလှူဒါန်းမည် အလှူရှင်များ လိုအပ်လျက်ရှိပါသည်။

၂။ မော်တော်ယာဉ်သုံးစွဲခွင့် လှူဒါန်းရမည်ကာလမှာ စုစုပေါင်း ရှစ်ရက် (၇–၁၂–၂၀၀၄ ရက်နေ့မှ ၁၄–၁၂–၂၀၀၄ ရက်နေ့အထိ) ဖြစ်ပြီး အဆိုပါယာဉ်များ၏ စက်သုံးဆီနှင့် အုပ်ချုပ်မှုကိစ္စကို ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီက တာဝန်ယူပါမည်။ လှူဒါန်းလိုသူ အလှူရှင်များသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ ကြိုတောင်ကြဲခဲ့ ကုသိုလ်ရယူလှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ခေါ်အပ်ပါသည်။

(က) ဦးလှသောင်းမြင့် ညွှန်ကြားရေးမှူးချုပ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဖုန်း–၅၇၁၁၀၀၉

(ခ) ဒေါ်ခင်ခင်ဝင်း ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဖုန်း–၅၇၃၁၁၅

(ဂ) ဦးမြင့်မော် ညွှန်ကြားရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဖုန်း–၂၉၅၁၇၃

ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ

အာရှ–ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာ သတင်းစာဆရာဖိုရမ် ညီလာခံတက်ရောက်ရန် မြန်မာသတင်းစာဆရာအဖွဲ့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းကျင်မြို့၌ နိုဝင်ဘာ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပမည့် အာရှ–ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာ သတင်းစာဆရာဖိုရမ် (၁၆) ကြိမ်မြောက် ညီလာခံသို့ တက်ရောက်ရန် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း မြန်မာ့သတင်းစဉ်(နိုင်ငံခြား)မှ စာတည်းမှူးချုပ် ဦးသိန်းထွဋ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရာခန်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပို့ဆောင်

စာတည်းမှူးချုပ် ဦးသိန်းထွဋ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးရာခန်တို့အား မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်ဦးစံရဲမြင့်ဖေနှင့် တာဝန်ရှိသူများမိသားစုများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းကျင်မြို့၌ ကျင်းပမည့် အာရှ–ပစိဖိတ် ဒေသ ပတ်ဝန်းကျင်ဆိုင်ရာ သတင်းစာဆရာဖိုရမ် (၁၆)ကြိမ်မြောက် ညီလာခံသို့တက်ရောက်ရန် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ် (နိုင်ငံခြား)မှ စာတည်းမှူးချုပ် ဦးသိန်းထွဋ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရာခန်တို့ အားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(သတင်းစဉ်)

ဓမ္မစေတီဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ထေရဝါဒ သာသနာပြု ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ (M.A Buddhism)အထူးတရားပွဲကို ၃၀ဖြဇနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်၊ နိုဝင်ဘာ၂၈ရက် (တနင်္ဂနွေ)နေ့မှ ဒီဇင်ဘာ ၂ ရက် (ကြာသပတေးနေ့) အထိ အောင်သိဒ္ဓိမဟာမြိုင်ကျောင်းတိုက် အောင်ဓမ္မရိပ်သာလမ်း ၁၂ ရပ်ကွက်၊ လှိုင်မြို့နယ်တွင် ငါးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အီရတ်စစ်မြေပြင် ကန်တပ်ဖွဲ့ထိခိုက်ဒဏ်ရာရမှု ပင်တဝွန်သတင်းထုတ်ပြန်

ဖလူးဂျာ နိုဝင်ဘာ ၂၅

အမေရိကန်တပ်မဖွဲ့ဝင်များ၊ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာလသည် အမေရိကန်တပ်မဖွဲ့ဝင် အများစု သေဆုံးခဲ့သည့် ဒုတိယမြောက်လဖြစ်ကြောင်း၊ အမေရိကန်စစ်ဌာနချုပ်က ပြောကြား၊သည်။

ယခုလအတွင်း အမေရိကန်တပ်မဖွဲ့ဝင် ၁၀၉ဦး သေဆုံးခဲ့ပြီး၊ ၎င်းဦးရေ၏ ထက်ဝက်ခန့်သည် ဖလူးဂျာမြို့ကို နိုဝင်ဘာ ၈ ရက်က စတင် စစ်ဆင်ခဲ့ရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ၎င်းဌာနက ဖော်ပြသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာထိ လ ၂၀ကြာမြင့်ခဲ့သည် အဆိုပါ အီရတ်စစ်ပွဲ၌ ဧပြီလ တစ်လတွင်၊ တပ်ဖွဲ့ဝင် ၁၃၅ ဦး သေဆုံးခဲ့သည်။ ထိုနောက် ပိုင်းလများ၌လည်း ဆက်လက် သေဆုံးနေရာ စုစုပေါင်း သေဆုံးမှုစာရင်းသည် လစဉ် မြင့်တက်လာလျက်ရှိသည်။

ဖလူးဂျာ စစ်ဆင်တိုက်ခိုက်မှုသည် အီရတ်နိုင်ငံတွင် ဇန်နဝါရီလအတွင်း ရေးကောက်ပွဲမကျင်းပမီ ကြီးတင်းသည့် အနေဖြင့် တိုက်ခိုက်မှုများ လျော့ပါးရေး အတွက် ကြိုးပမ်းမှု၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။

ဆက်လက်တိုက်ခိုက်

သို့ရာတွင် ဖလူးဂျာမြို့တိုက်ခိုက်မှု အတွင်း တိုက်ခိုက်ရေးသမား ၁၂၀၀ မှ ၁၆၀၀ အထိ သေဆုံးခဲ့ပြီး ၎င်းတို့၏ စစ်ဆင်ရေးများ ရပ်ဆိုင်းထားကာ တိုက်ခိုက်ရေးသမားများက အခြားမြို့များတွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ဆက်လက်တိုက်ခိုက်နေကြောင်း အမေရိကန်စစ်ဘက်က ပြောကြား၊သည်။

အီရတ်စစ်ပွဲအတွင်း သေဆုံးခဲ့သည် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၂၃၀ ရှိသွားကြောင်း အမေရိကန်စစ်ဌာနချုပ်က နောက်ဆုံးအဖြစ် တရား၀င်ထုတ်ပြန်ထား၊သည်။ အမေရိကန်တပ်ဖွဲ့ဝင် ၉၃၀၀ ကျော် တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ၅၀၀၀ ကျော်သည် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် အခြေအနေမရှိဘဲ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း ၎င်းဌာနက ထုတ်ပြန်ကြေညာသည်။

ဖလူးဂျာတိုက်ခိုက်မှု တစ်ခုတည်းမှာပင် အမေရိကန်တပ်မဖွဲ့ဝင် ၈၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အင်တာနက်။။

လုံခြုံရေးဆောင်ရွက်

မိုဆူးလ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်မဖွဲ့ဝင်များကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်တွင် ကူးစက်ရောဂါကြောင့် ၂၉ဦး သေဆုံး ၃၀၀၀၀ ကျော် ရောဂါကူးစက်ခံရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံသူ၊ နိုင်ငံသား ၂၉ဦး ကူးစက်ရောဂါကြောင့် လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း သေဆုံးခဲ့ပြီး လူ ၃၁၀၈၈ဦး ရောဂါကူးစက်မှုခံခဲ့ရသည်ဟု အီရတ် ကျန်းမာရေး၀န်ကြီးဌာနလက်အောက်ရှိ ကူးစက်ရောဂါ စောင့်ကြည့်လေ့လာရေးဌာနက ကြေညာခဲ့ကြောင်း၊ အယ်လ်–နာဒါ သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။

ကူးစက်ရောဂါ အမျိုးမျိုးကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ရောဂါကူးစက်မှုခံခဲ့ရသူ ဦးရေသည် လွန်ခဲ့သည့်နှစ်လ အတွင်း မြင့်တက်လာကာ ၃၁၀၈၈ဦး အထိရှိလာပြီဖြစ်ကြောင်း အဆိုပါဌာနက ပြောကြား၊သည်။

အများဆုံးဖြစ်ပွား

ယင်း ကူးစက်ရောဂါများကို သောက်သုံးရေပြတ်လတ်ပြီး ဆေးကုသစောင့်ရောက်မှုနည်းပါး၊သည့် မြို့များတွင် အများဆုံး ဖြစ်ပွား၊ခဲ့ခြင်းဖြစ်ကြောင်း ၎င်းဌာနက ပြောကြား၊သည်။ ပြည်သူလူထုအား ဆေး၀ါး၊ ပဋိဇီဝဆေးများနှင့် သောက်ရေသန့်များ ဖြည်ဆည်း မေး၊နိုင်ပါကလည်း ကောင်း၊ ရောဂါသယ်ဆောင်လာသည့် ခွေးလေခွေးလွဲများအား သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်ပါက လည်း ကောင်း အဆိုပါ ကူးစက်ရောဂါသည် တစ်မုဟုတ်ခြင်း ပြန့်ပွား၊သွား၊နိုင်ကြောင်း ၎င်းဌာနက သတိပေး၊ထား၊သည်။

အမ်အင်အေ၊ဆင်ဟွာ။။

ကန်တို့၏ လူမဆန်စွာ ကျူးကျော်တိုက်ခိုက်မှုများအဆုံးသတ်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တူရကီတိုက်တွန်း

တူရကီ(အန်ကာရာ) နိုဝင်ဘာ ၂၅

အမေရိကန်အစိုးရက အီရတ်စစ်ပွဲတွင် သမာ၀ရိုးကျမဟုတ်သည့် လက်နက်များ အသုံးပြုတိုက်ခိုက်နေကြောင်း၊ တူရကီပါလီမန်၏ လူအခွင့်အရေးကော်မတီ အကြီးအကဲက ကြာသပတေး၊နေ့က ဝေဖန်ပြောကြား၊လိုက်သည်။

အီရတ်နိုင်ငံရှိမြို့များအား တိုက်ခိုက်ခဲ့ရာတွင် အမေရိကန် တပ်ဖွဲ့များ အနေဖြင့် ချုပ်ကလီ၊ယား၊ဗုံးကိုင်အသုံးပြုကြောင်း၊ ပြုနိုင်ဖွယ်ရှိကြောင်း မိုဟာမက်တက်မက်ရိုက အီရတ်ဆိုင်ရာကော်မတီ အရေး၊ပေါ် အစည်းအဝေး၊မကျင်း၊ပမီ ပြောကြား၊သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ မြို့ရွာအသီးသီးရှိ ပြည်သူများအား ရက်စက်ကြမ်းကြုတ်စွာဖြင့် အစုအပြုံလိုက် သတ်ဖြတ်သည့် စစ်ရေး၊လှုပ်ရှား၊မှုကို ပြုလုပ်ခဲ့ကြောင်း၎င်းက အမေရိကန်အစိုး၊ရကို စွပ်စွဲပြော၊ကြား၊သည်။

မိမိတို့အနေဖြင့် ယင်းကဲ့သို့သော အကျည်း၊တန်းသည့် လုပ်ရပ်များကို ရှုတ်ချပြီး နိုင်ငံတကာ မိသား၊စုက အီရတ်နိုင်ငံတွင် လူမဆန်သော သွေးချောင်း၊စီး၊လုပ်ရပ်များ အဆုံး၊သတ်ရေး အတွက် မနေ၊အမြန် ဆောင်ရွက်ကြရန် တိုက်တွန်း၊ခိုင်း၊ဆော်ပါ၊ကြောင်း၎င်းက ပြော၊ကြား၊သည်။

အဆိုပါ ကော်မတီက အီရတ်နိုင်ငံအခြေအနေများ ဆိုင်ရာ ဆွေး၊နွေး၊မွေးမြီး၊တွင် အပြီး၊သတ်ကြေညာချက် တစ်ရပ် ထုတ်ပြန်နိုင်ဖွယ်ရှိသည်။

အင်တာနက်။။

ဘဂ္ဂဒက်၏ အစိမ်းရောင်လုံခြုံရေးနယ်မြေဆီမှ ပေါက်ကွဲသံများကြားရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကျယ်လောင်သည့်ပေါက်ကွဲသံကြီး ကြာသပတေး၊နေ့က မြည်ဟည်း၊သွား၊ပြီး အကာအကွယ်ပြုထား၊သော အစိမ်း၊ရောင်ဒေသ ဝေဟင်ယံထက်တွင် မီး၊ခိုး၊မည်း၊တန်း၊ကြီး များ လွှင့်တက်သွား၊သည်ကို မြင်တွေ့ရကြော၊ကြောင်း၊ဖြင့် မျက်မြင်တွေ့ရှိသူများက ပြောကြား၊သည်။

အဆိုပါ အစိမ်း၊ရောင်ဒေသ မြောက်ပိုင်း ကောင်းကင်တွင် မီး၊ခိုး၊မည်း၊ကြီး များကို မြင်တွေ့ရကြော၊ကြောင်း၊ ယင်းဒေသအတွင်း အီရတ်ကြာ့ဖြတ် အစိုးရ၏ ရဲ၊အဆောက်အအုံများ၊ အမေရိကန်နှင့် ဖွဲ့တိသျှသဖွဲ့များရှိနေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြား၊ကြသည်။

ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ အမေရိကန်စစ်ဘက်က ရှုတ်ခြည်း အား၊ဖြင့် ဝေဖန်ပြောကြား၊မှု မရှိသေး၊ပေ။

ဘဂ္ဂဒက်မြို့သူ၊ မြို့သား များက ကျယ်လောင်သည့် ပေါက်ကွဲသံကြီး ဆက်တိုက်ကြား၊လိုက်ရကာ မီး၊ခိုး၊လုံး မည်း၊ကြီး များ ဘဂ္ဂဒက်မြို့အနေ့ာက် ဝေ၊လဲသောနေရာမှ ဝင်ရိုး၊စွန်း၊အထိ တလိပ်လိပ်လွှင့် တက်သွား၊သည်ဟု ပြော၊ကြား၊ကြသည်။

မြို့ခံလူထုက ပေါက်ကွဲသံကြား၍ ၎င်းတို့၏ အိမ်ခေါင်မိုး၊ပေါ် တက်ရောက်ကြည့်ရှုကြစဉ် ရဟတ်ယာဉ် နှစ်စင်း အခင်း၊ဖြစ်ပွား၊ရာသို့ ဝေဟင်ယံမှ ပျံတက်သွား၊သည်ကို တွေ့မြင်ရသည်။ ကြာသပတေး၊နေ့ကလည်း ကျယ် လောင်သည့်ပေါက်ကွဲသံကြီး အစိမ်း၊ရောင်ဒေသတွင် မြည်ဟည်း သွား၊ပြီး အကာအကွယ်ရှုထား၊သည် ယင်း၊ဒေသ ဝေဟင်ယံတွင် မီး၊ခိုး၊များ ထူထပ်စွာ တက်သွား၊ခဲ့သည်။ ရဟတ်ယာဉ်များ၊က ယင်း၊ဒေသတွင်ပျံသန်း နေသည်ကို တွေ့ရှိခဲ့ရသည်ဟု မြို့ခံများက ပြော၊ကြား၊သည်။

အမ်အင်အေ၊ဆင်ဟွာ။။

ဖမ်းဆီး၊ခေါ်ဆောင်

အီရတ်တစ်ဦး၊ကို ကန်မရိန်း၊တပ်ဖွဲ့ဝင်တစ်ဦး၊က ဖမ်းဆီး၊ခေါ်ဆောင်လာသည်ကို နိုဝင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အရေးကို အီရတ်ပြည်သူများသာ ဖြေရှင်း၊ရမည်ဟု သမ္မတပူတင် ပြော၊ကြား

သည်ဟိတ် နိုဝင်ဘာ ၂၆

အီရတ်ပြည်သူလူထုသည် အီရတ်နိုင်ငံအား သူတစ်ပါး ဝင်ရောက်စွက်ဖက်မှုမခံဘဲ ကိုယ့်အရေး၊ကိစ္စကို ကိုယ်ကိုယ်တိုင် စီမခန့်ခွဲနိုင်သူများ ဖြစ်ရမည်ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က သည်ဟိတ်မြို့တွင် ကြာသပတေး၊နေ့က ပြော၊ကြား၊သည်။

အီရတ်နိုင်ငံ ပဋိပက္ခနှင့် စစ်မက် တိုက်ခိုက်နေမှုများတွင် သေဆုံး၊ခဲ့မှုနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများအပေါ် စာနာသနား၊မိကြောင်း ပူတင်က နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့တွင် ကျင်းပသည့် ဥရောပသမဂ္ဂ–ရုရှား ထိပ်သီး ညီလာခံအပြီး သတင်းစာရှင်းလင်းပွဲတွင်မေး၊သော မေး၊ခွန်း များအား တုံ့ပြန်ဖြေကြား၊ရာတွင် ပြော၊ကြား၊ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။။

သတ္တုကတ္တွဥ် ရင်းနှီးမြှုပ်နှံရန် တရုတ် ဗိတ်ခေါ်

ပေကျင်း နိုဝင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သတ္တုတူးဖော်ရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် တရုတ်တာဝန်ရှိပုဂ္ဂိုလ်များက နိုင်ငြာသား၊လုပ်ငန်း၊ရှင်များအား ဖိတ်ခေါ်လိုက်သည်။ ပိုမိုအထောက်အကူပေး၊မည့် မူဝါဒများဖြင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေး၊မည်ဟုလည်း အာမခံလိုက်သည်။

တွင်းထွက်သယံဇာတများ ရာဇဓေတူးဖော်မှုတွင် နိုင်ငြာသား၊ရင်းနှီးမြှုပ်နှံမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အား၊ပေး၊ကြောင်း၊ အနောက်ပိုင်း၊ဒေသများအတွင်း၊တွင် ကြေး၊နီ၊ ခဲ၊ သဖြူ၊ ဘော့ဆိုက် အပါအဝင် အရှိ၊သော သတ္တုများ တူးဖော်သည်လုပ်ငန်း၊အတွက် နိုင်ငြာသားရင်း၊အနှီး၊များကို အပြည်အပိုင်ဆိုင်သည့် လုပ်ငန်း၊အဖြစ် ခွင့်ပြုနိုင်ကြောင်း ၂၀၀၄ ခုနှစ် တရုတ်သတ္တုတူးဖော်ရေး နှီးနှောဖလှယ်ပွဲတွင် လယ်ယာနှင့် အရင်း၊အမြစ်များဆိုင်ရာ ဒုတိယဝန်ကြီး ဝမ်မင်း၊က ပြော၊ကြား၊သည်။

အမ်အင်အေ၊ဆင်ဟွာ။။

ကမ္ဘာတစ်ဝန်းတွင် အိပ်ချ်အိုင်ဗွီပိုင်းရပ်စပ်ပိုးရှိသူ ၃၉ ဒသမ ၄ သန်းရှိ

တိုကျို နိုဝင်ဘာ ၂၄

ကမ္ဘာတစ်ဝန်းလုံးတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အိဒ်စ်)ဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးရှိသူဦးရေမှာ ၃၉ ဒသမ ၄ သန်းခန့်ဖြစ်ကြောင်း၊ ယင်းမှာ စဉ်ချိန်တင်အရေအတွက်ပင် ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းနှစ်ရပ်က ထုတ်ပြန်သော နှစ်ပတ်လည် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းတွင် ယခုနှစ်အတွင်း အိပ်ချ်အိုင်ဗွီပိုင်းရပ်စ်ကြောင့် သေဆုံးရသူဦးရေမှာ ၃ ဒသမ ၁ သန်းခန့်ရှိမည်ဟု မျှော်လင့်ရကြောင်း ကုလသမဂ္ဂ အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါအစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ပူးတွဲထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အိဒ်စ်ရောဂါကြောင့် သေဆုံးရသူဦးရေ လျော့ချနိုင်ရေးအတွက် ဝင်ငွေရရှိရန်အလို့ငှာ ခန့်ကိုယ်ကို ရောင်းစားရခြင်းမှ အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ပေးနိုင်မည့် အစီအစဉ်များ ချမှတ်ရန် လိုအပ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းအလို့ငှာ ပြည်တန်ဆာအဖြစ် လုပ်ကိုင်ရခြင်းသည် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်ရရှိရန် အကြောင်းတစ်ရပ်ဖြစ်ကြောင်း အစီရင်ခံစာတွင် ထောက်ပြထားသည်။ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ရှိသည် အရွယ်ရောက်ပြီးသူ ၃၇ ဒသမ ၅ သန်းခန့်အနက် ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။

လူပေါင်း ၂၅ ဒသမ ၄ သန်းခန့် (သို့) အိပ်ချ်အိုင်ဗွီပိုင်းရပ်စ် ကူးစက်ခံရသူ စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံ နီးပါးမှာ အာဖရိကတိုက်ရှိ ဆာဟာရသဲကန္တာရတောင်ပိုင်း ဒေသများမှဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖရိကတိုက်ရှိ ဆာဟာရသဲကန္တာရတောင်ပိုင်းဒေသတွင် အိပ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုးရှိသူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်မှာ အသက် ၁၅ နှစ်မှ ၄၄ နှစ်အထိဖြစ်သော အမျိုးသမီးများဖြစ်ကြောင်းအစီရင်ခံစာတွင်ဆက်လက် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိဝင်ဘာ ၂၃ရက်တွင် အမေရိကန်တို့ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးနေသော ဖလူးဂျာမြို့ တစ်နေရာကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တန်ဇန်နီးယားမှ သိဟိုဠ်စေ့ တန် ၄၀၀၀၀ သီတင်းရှစ်ပတ်အတွင်း တင်ပို့ရောင်းချ

ဒါရုဆလမ် နိဝင်ဘာ ၂၅

ယခုနှစ် သီဟိုဠ်စေ့ဝယ်ယူရေး ရာသီအချိန် သီတင်းရှစ်ပတ်ကာလအတွင်းတွင် တန်ဇန်းနီးယားနိုင်ငံသည် သီဟိုဠ်စေ့ အလေးချိန် ၃၈၀၅၂ တန် တင်ပို့ရောင်းချခဲ့ပြီးဖြစ်ကြောင်း သတင်းများကဆိုသည်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ သီဟိုဠ်စေ့ တန်ချိန် ၉၀၀၀၀ တင်ပို့ရောင်းချသွားရန် ရည်မှန်းထားကြောင်း ဟာမန်အမ္ဘာက ပြောကြားသည်။ ၎င်းသည် တန်ဇန်းနီးယားနိုင်ငံ သီဟိုဠ်စေ့ ရောင်းဝယ်ရေးဘုတ်အဖွဲ့မှ ညွှန်ကြားရေးမှူးဖြစ်သည်။ ယခုနှစ်တွင် သီဟိုဠ်စေ့ အထွက်သည် တန်ချိန် ၁၀၀၀၀၀ ကျော်ရှိမည်ဖြစ်ရာ တန်ဇန်းနီးယား၏ ပြည်ပတင်ပို့မှုသည် တန်ချိန် ၉၀၀၀၀ပင် ကျော်သွားစေရာရှိသည်ဟု ဟာမန်အမ္ဘာက ဆိုသည်။

အိန္ဒိယနိုင်ငံသို့ သီဟိုဠ်စေ့များ တင်ပို့ရသဖြင့် အရေးအာဖရိကနိုင်ငံ တစ်ခုဖြစ်သော တန်ဇန်းနီးယားသည် ယခုနှစ်တွင် အရောင်းကန်ဒေါ်လာ သန်း ၄၀ ဝင်ငွေရရှိထားပြီးဖြစ်သည်။ ထိုမတန်းစား သီဟိုဠ်စေ့ တစ်ကီလိုဂရမ်လျှင် အမေရိကန် ဒေါ်လာ သုညဒသမ ၇၅ မှ သုညဒသမ ၈၉ ဈေးအထိရပြီး ဒုတိယတန်းစား သီဟိုဠ်စေ့ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ သုညဒသမ ၆ ဈေးရရှိကြောင်း သိရသည်။

တန်ဇန်းနီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထသီဟိုဠ်စေ့ အများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သည်။ အိန္ဒိယ၊ ဘရာဇီးနှင့် ဗီယက်နမ်နိုင်ငံများသည် ပထမ၊ ဒုတိယ နှင့် တတိယအဆင့်ရှိသည့် သီဟိုဠ်စေ့ထုတ်လုပ်သော နိုင်ငံများ ဖြစ်ကြသည်။ တန်ဇန်းနီးယားနိုင်ငံ၏ သီဟိုဠ်စေ့အထွက်သည် ၁၉၇၃ ခုနှစ်တွင် တန်ချိန် ၁၄၅၀၀၀ ထုတ်လုပ်ခဲ့ခြင်းဖြင့် အဖြင့်ဆုံး အခြေအနေသို့ ရောက်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် တန်ချိန် ၂၉၉၀၀ သာ ထုတ်လုပ်နိုင်ခြင်းဖြင့် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အခြေအနေ ပြန်လည်ကောင်းမွန်လာကာ တန်ချိန် ၁၃၀၀၀၀ အထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖလူးဂျာမြို့၌ တိုက်ပွဲများဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့မှ ၁၅၅မမ ဟောင်ဝစ်စာ အမြောက်ဖြင့် ပစ်စတေနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အခင်ဒိုနီးရှား ကားဈေးကွက်တွင် တိုယိုတာကား ဦးဆောင်နေ

ဂျကာတာ နိုဝင်ဘာ ၂၅

ဂျပန်နိုင်ငံမှ တိုယိုတာကားကုမ္ပဏီသည် ဈေးနှုန်းချိုသာပြီး ဆန်းသစ်သည့် ကားအမျိုးအစားသစ်များကို ထုတ်လုပ်ရောင်းချခြင်းဖြင့် အင်ဒိုနီးရှားကားဈေးကွက်တွင် ဦးဆောင်လျက်ရှိကြောင်း။ ဟွန်ဒါကားကုမ္ပဏီမှာမူ ၂၀၀၄ ခုနှစ် ပထမ ၁၀ လတာကာလအတွင်း အင်ဒိုနီးရှားကားဈေးကွက်တွင် ပမူမခြောက်နေရာမှ စတုတ္ထခြောက် နေရာသို့ တက်လှမ်းရောက်ရှိလာကြောင်း၊ အင်ဒိုနီးရှားစီးပွားရေးသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလမှအောက်တိုဘာလအထိဖြစ်သော ကာလအတွင်း ဟွန်ဒါကားကုမ္ပဏီသည် အင်ဒိုနီးရှားကားဈေးကွက်တွင် မော်တော်ကား စီးရေ ၃၆၇၁ စီး ရောင်းချခြင်းဖြင့် ဒိုင်ဟတ်စုကား၊ကုမ္ပဏီ၏ ကားရောင်းချရမှုထက်သာလွန်ကာ စတုတ္ထနေရာသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ဖော်ပြပါကာလအတွင်း ဟွန်ဒါကားကုမ္ပဏီသည် ဟွန်ဒါဂျက်ဇ်ဓါတု အမည်ပေးထားသော ဆီဒင်ကား ၂၀၂၃၇ စီး ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါသတင်းစာက ရေးသားဖော်ပြသည်။

အောင်မြင်မှုရရှိ

ဟွန်ဒါကား၊ကုမ္ပဏီသည် အင်ဒိုနီးရှား ကားဈေးကွက် သိမ့်ငင်းတွင် ပထမဆုံးအကြိမ် အောင်မြင်မှုရရှိခြင်း ဖြစ်ကြောင်း စီးပွားရေးသတင်းစာက ရေးသားသည်။

ကုမ္ပဏီသည် မော်တော်ကား၊ ရောင်းချရမှု ၃၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ကာ ၁၁၅၀၄၈ စီး ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့နို့ထုတ်လုပ်မှု ကျဆင်း

မဲလ်ဘုန်း နိုဝင်ဘာ ၂၄

ကမ္ဘာ့နို့ထုတ်လုပ်မှု တိုးတက်နှုန်းသည် ၂၀၀၄ ခုနှစ်တွင် သိသိသာသာ လျော့ကျလာကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ကထက် နို့အထွက်တန်ချိန် သုံးသန်းသာ ပိုမိုလာဖွယ်ရှိရကြောင်း အပြည်ပြည်ဆိုင်ရာ နို့နှင်နို့ထွက်ပစ္စည်း ဖက်ဒရေးရှင်း(အဖွဲ့ (IDF)က ထုတ်ပြန်သော စာရင်းများက ဖော်ပြသည်။

ယခုနှစ်တွင် ကမ္ဘာ့စုစုပေါင်း နို့ထွက်ရှိမှုပမာဏသည် တန်ချိန် ၆၁၂ သန်း ရှိမည်ဖြစ်သည်ဟု (IDF) အဖွဲ့က ကမ္ဘာ့နို့ထွက်ပစ္စည်း ထိပ်သီးအစည်းအဝေး၌ တင်သွင်းသော အစီရင်ခံစာတွင် ရေးသားထားသည်။ အဆိုပါ အစည်းအဝေးသည် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်ကာလက ကမ္ဘာ့နို့ထွက်ရှိမှုသည် တန်ချိန် သန်း ၈၀ အထိ တိုးတက်လာခဲ့ဖူးသည်။

ဥရောပ၊ မြောက်အမေရိကနှင့် သမုဒ္ဒရာတွင်း နိုင်ငံများတွင် နို့ထုတ်လုပ်မှု ကျဆင်းလာခြင်းကြောင့် ကမ္ဘာ့နွား၊ နို့အထွက်နှုန်း ကျဆင်းလာရခြင်း ဖြစ်သည်ဟု ဆိုသည်။ တစ်ချိန်က တည်းမှာပင် ကမ္ဘာ့ကျွဲနို့ ထုတ်လုပ်မှုမှာ တိုးတက်လာသည်ကို တွေ့ရသည်။ လွန်ခဲ့သော ဆယ်စုနှစ်က ကမ္ဘာ့နို့ထုတ်လုပ်မှု စုစုပေါင်းတွင် ကျွဲနို့၏ ပါဝင်မှု အချိုးအစားသည် ၉ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ကျွဲနို့ပါဝင်မှု အချိုးအစားသည် ၁၅ ရာခိုင်နှုန်းအထိ တိုးတက်ပါဝင်လာကြောင်း တွေ့ရသည်ဟု အစီရင်ခံစာက ဆိုသည်။ ကျွဲနို့ အထွက်တိုးလာရခြင်းမှာ အိန္ဒိယတိုက်ခွဲဒေသသို့ ကျွဲနို့ထုတ်လုပ်မှု တိုးပွားလာခြင်းကြောင့် ဖြစ်သည်ဟု အဒ္ဒရီယန်ကစ်ဂါက ပြောကြားသည်။ ၎င်းသည် နို့ထွက်ပစ္စည်းလုပ်ငန်း မူဝါဒချမှတ်ရေး ကော်မတီ၏ဥက္ကဋ္ဌဖြစ်သည်။ (IDF) အစည်းအဝေးသို့ နိုင်ငံပေါင်း ၃၀ ခန်မှ ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်သမ္မတဟောင်း ဂျော့ဂျ်ဘုရှ်လိုက်ပါမည့် ပဂ္ဂလိကဂျက်လေယာဉ် ဟူစတန်၌ ပျက်ကျ

ဟူစတန် နိုဝင်ဘာ ၂၅

အမေရိကန်ပြည်ထောင်စု ဟူစတန်မြို့တွင် တနလ်ာနေ့က ဆီးနှင်းမြူများ ထူထပ်စွာ ကျဆင်းနေစဉ် ပဂ္ဂလိကပိုင် ဂျက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါရှိသည့် လူသုံးဦးသေဆုံးခဲ့ရကြောင်း၊ အဆိုပါလေယာဉ်သည် ပြည်ပသို့ သွားရောက်မည့် အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဘုရှ်ကို ခေါ်ဆောင်ရန် ပျံသန်းလာစဉ် ပျက်ကျခြင်းဖြစ်ကြောင်း၊ လေကြောင်းထိန်းသိမ်းရေးမှူးများသည် အလွန်နိမ့်သည့် အမြင့်ပေမှ ပျံသန်းလာသောယင်းလေယာဉ်၏ လေယာဉ်မှူးများကို သတိပေးခဲ့ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ ပုဂ္ဂလိကပိုင် ဂျက်လေယာဉ်သည် အမြင့်ပေ ၁၀၀၀ မှ ပျံသန်းသင်သော်လည်း အမြင့်ပေ ၄၀၀ မှ ပျံသန်းလျက်ရှိရာ လေကြောင်းထိန်းသိမ်းရေးမှူးများက ယင်းလေယာဉ်၏ လေယာဉ်မှူးများကို ရေဒီယိုဖြင့် သတိပေးခဲ့ကြောင်း၊ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုစမ်းစစ်ဆေးလျက်ရှိကြောင်း အမျိုးသားသယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံရေးဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မာ့စ်ရိုဆင်ကာက သတင်းထောက်များအား ပြောကြားသည်။

သမ္မတဟောင်းဘုရှ်သည် အဆိုပါလေယာဉ်ပျက်ကျမှုအတွက် အထူးဝမ်းနည်းမိပြီး ယင်းလေယာဉ်ဖြင့် အီကွေဒိုနိုင်ငံ ဂွေယာကွေးမြို့သို့ သွားရောက်မည် ၎င်း၏ ခရီးစဉ်ကို ဖျက်သိမ်း လိုက်သည်ဆို၏။

အမ်အင်အေ၊ရိုက်တာ။

ဆေးခြောက် ကိုလို ၄၀၀ ဓာတုရကိုနိုင်ငံ၌ ဖမ်းမိ

အန်ကာရာ နိုဝင်ဘာ ၂၅

တူရကီရဲတပ်ဖွဲ့ ဝင်များက ဆေးခြောက် ၄၀၀ ကီလိုခန့်ကို တူရကိုနိုင်ငံတောင်ဘက်၌ ဖမ်းမိခဲ့သည်ဟု အစိုးရတစ်ပိုင်း အန်နာတိုလီရား သတင်းဌာနက နိုဝင်ဘာ ၂၄ ရက်က သတင်းပေးပို့သည်။

စီးနင်းဖမ်းဆီး

ရဲတပ်ဖွဲ့ဝင်များသည် သတင်းပေးချက်အရ အန်တလျရဖြို့ ပီနာလီရွာတွင် ဆေးခြောက်စိုက်ပျိုးရေးနှင့် ပြုပြင်ထုတ်လုပ်ရေးကို လုပ်ကိုင်နေသော တူရကီနိုင်ငံသား၏အိမ်ကို ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့သည်။

ထိုလုပ်ငန်းတွင် ပါဝင်နေသော အခြားလူနှစ်ဦးကိုလည်း တစ်ပါတည်းဖမ်းဆီးခဲ့သည်။ တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး ဖမ်းဆီးရေး စစ်ဆင်ရေးနှစ်ခုလုပ်ဆောင်ခဲ့ရာ ဂဇီအန်တက်ပြို့ အရှေ့ တောင်ဘက်နှင့် ဒီရာဘကရာမြို့တို့တွင် နိုဝင်ဘာ ၂၄ ရက်က ဆေးခြောက် ၁၄ ဒသမ၅ ကီလို၊ ဘိန်းဖြူ ၃ ဒသမ၃ ကီလိုနှင့် လူလေးဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု သိရသည်။

တည်ရှိ

တူရကီနိုင်ငံသည် ဥရောပ၊ အာရှ၊ အရှေ့အလယ်ပိုင်းနှင့် မြေထဲပင်လယ်တို့ကို ဖြတ်သန်းသွားရာ အရေးပါသည့် လမ်းကြောင်းပေါ်၌ တည်ရှိနေသည်အတွက် ဥရောပနိုင်ငံများသို့ မူးယစ်ဆေးဝါးသယ်ယူရေး အဓိကလမ်းကြောင်းပေါ်တွင် တည်ရှိနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျူးဘားနိုင်ငံရှိ ဒန်သတ္တုလုပ်ငန်း၌ တရုတ် ရင်းနှီးမြှုပ်နှံ

ဟာဗားနား နိုဝင်ဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကျူးဘားနိုင်ငံတို့သည် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လျက်ရှိကြောင်း၊ ကျူးဘားနိုင်ငံရှိ ဒန်သတ္တုလုပ်ငန်းတွင် တရုတ်လူမျိုးများ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၅၀ ရှိကြောင်း၊ ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုက အင်္ဂါနေ့တွင် ပြောကြားသည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွား၍နှိမ့်စဉ် ကျူးဘားနိုင်ငံသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေချေးမှုတို့အတွက် တရုတ်ပြည်ကို မှီခိုအား ထားလာရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယခုအခါ ဗင်နီဇွဲလား၊နှင့် ဘိန်တိုပြီလျှင် ကျူးဘားနိုင်ငံ၏ တတိယ အကြီးဆုံးကုန်သွယ်ဖက် နိုင်ငံ ဖြစ်လာကြောင်း သိရသည်။

တရုတ်သမ္မတဟူကျင်တောင်သည် ကျူးဘားနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ် ခရီးသွားရောက်စဉ် ကျူးဘားနိုင်ငံ၏သမ္မတ ဖီဒယ်ကက်စထရိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တတိယကမ္ဘာ့အတွက် အကောင်းဆုံးသော မျှော်မှန်းချက် ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေး၏ မောင်းနှင်အားမှာ တရုတ်ပြည်ဖြစ်လာကြောင်း ကက်စထရိုက ချီးကျူးပြောကြားသည်။

သန့်ဌာန်ချမှတ်

မိမိတိုသည် ကျူးဘားခေါင်းဆောင်နှင့် အတွေ့အမြင်များ ဇလုယ်နိုင်ခဲ့ကြောင်း၊ မိမိတို့၏ ဖွဲ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအတွက် မိမိတို့ကိုယ်တိုင် ဖန်တီးခေါ်ဆောင်ရန် သန့်ဌာန်ချမှတ်ထားကြောင်း၊ မိမိတို့နိုင်ငံများ၏ ပကတိအမှန်တရား၊နှင့် အညီ ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဟူကျင်တောင်က ကက်စထရိုဏ်၏ ညီငယ်နှင် ၎င်း၏အရိုက်အရာကို ဆက်ခံမည်သူ ရာအုပ်လိန်းအတူ တက်ရောက်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နီးနေ့ဖလှယ်ပွဲ ဖွင့်လှစ်ရာ၌ ပြောကြား သည်။

တိုးတက်နိုင်မှာ

တရုတ်သမ္မတ၏ ကျူးဘားခရီးစဉ်တွင် တရုတ်လူမျိုးစီးပွားရေး လုပ်ငန်းရှင် ၂၀၀ခန်လိုက်ပါလာခဲ့သည်။ မိမိတို့နှစ်နိုင်ငံ၏ ကွန်မြူနစ်ပါတီများအကြား နိုင်ငံရေးဆက်ဆံမှု တိုးတက်နိုင်မာနေခြင်းသည် နှစ်နိုင်ငံကုန်သွယ်မှုတို့ တိုးတက်စေရန် ထောက်ကူကြောင်း တရုတ်ခေါင်းဆောင်က ပြောကြား သည်။ **အမ်အင်အေ၊ရိုက်တာ။**

ကမ္ဘာထိပ်တန်း ဓာတုဗေဒလုပ်ငန်းကြီးဖြစ်သော ဂျာမန်နိုင်ငံ ရှာဇီအရပ်ရှိ BASF ဓာတုဗေဒ ကုမ္ပဏီ၏ စက်ရုံကို နိုဝင်ဘာ ၂၃ရက်က တွေ့ရစဉ်။ (ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်အား ရှိစေရန် ဆောင်ရွက်သည့် အစီအစဉ်အရ ထိုကုမ္ပဏီသည် ၂၀၀၇ ခုနှစ် အရောက်တွင် လုပ်သားအင်အား ၃၀၀၀ကို လျော့ချသွားမည်ဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံ–အင်တာနက်)



မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာရေးဆွဲချမှတ်ရေး ဧရိယာနှစ်နိုင်ငံတွင် တွေ့ဆုံဆွေးနွေး

ဟန္ဒိုင် နိုဝင်ဘာ ၂၅

ဇီယက်နမ်နိုင်ငံ ဟန္ဒိုင်မြို့တွင် ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်လိုက်သော တတိယအကြိမ် နိုင်ငံတကာ မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာများ ရေးဆွဲချမှတ်ရေးညီလာခံတွင် ကမ္ဘာနိုင်ငနှင့် ဒေသ ၂၅ နိုင်ငံ(ဒေသ)မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မြို့ပြဆိုင်ရာ စီမံကိန်းများ ရေးဆွဲချမှတ်ခြင်းနှင့် ဆင်းရဲမွဲတေမှု လျော့ချရေးကိစ္စရပ်များတွင် နည်းလမ်းများ ရှာကြနိုင်ရန်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းတွင် မြို့ပြတည်ဆောက်မှုနှင့် ဖွံ့ဖြိုးစေရန် ကြိုးပမ်းလုပ်ဆောင်ခြင်းတို့တွင် အတွေ့အကြုံများ ဖလှယ်နိုင်စေရန်လည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲချမှတ်ကြမည်ဖြစ်ကြောင်း သုံးရက်ကြာ ကျင်းပသည့် အဆိုပါညီလာခံတွင် အဖွင့် မိန့်ခွန်း ပြောကြားရာ၌ ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ဝုယင်တန်ဒွန်က ဖော်ပြသည်။

စဉ်ဆက်မပြတ် ဖွဖြိုးရေးနှင့် ဆင်းရဲမွဲတေမှု လျော့ချရေးတို့အတွက် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အချက်မှာ ဗီယက်နမ်နိုင်ငံအပါအဝင် နိုင်ငံအများအပြားရှိ မြို့ကြီးများ၏ မဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။

မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးများ၏ ဖွဖြိုးရေးလုပ်ဆောင်ရာတွင် စုပေါင်းဖော်ဆောင်သင့်သော လုပ်ငန်းစဉ်အစုံအဖြစ် မိမိတို့ မြင်တင်သင့်ကြောင်း၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

စင်ကာပူနိုင်ငံ အောချတ်လမ်းမကို ကမ္ဘာ့အစည်ကားဆုံးဈေးလမ်းမဖြစ်ရန် ကြိုးပမ်း

စင်ကာပူ နိုဝင်ဘာ ၂၅

စင်ကာပူအစိုးရသည် ဈေးဆိုင်များဖြင့် ပြည့်လျှံနေပြီး စင်ကာပူနိုင်ငံတွင် ရေပန်းအစားဆုံးသောနေရာဖြစ်သည့် အောချတ်လမ်းမကြီးအား အဆင့်မြှင့်တင်လိုက်ခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းတွင် နာတစ်ချက်အသာစီးရရှိစေရန်၊ ထက်မြက်စွာ ဆောင်ရွက်ရန် လုံ့ပန်းလှုံကြိုးကြောင်း ဒေသခံသတင်းများ ကဆိုသည်။

ယင်း လှုပ်ရှားမှုသည် ပြည်ပမိုင်ငံမှ ဈေးဝယ်လာသူများအား ဆက်လက်ဆွဲဆောင်နိုင်ရန် စင်ကာပူနိုင်ငံ၏ ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ အထက်တန်းဝန်ကြီးဖြစ်သူ ဘာလက်ရစ်ရှန်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ရေပန်းစားလာ

အောချတ် လမ်းမကြီးသည် စိတ်ကြိုက် လက်လီဝယ်ယူနိုင်သည့် အချက်အချာဒေသဖြစ်ပြီး ယင်းအဆင့်ထက်ကျော်၍ ကမ္ဘာပေါ်ရှိ ဈေးဆိုင်များရှိရာ လမ်းမကြီးများအတွင်း အကြီးဆုံးတစ်ခုအဖြစ် ရောက်ရှိစေရန် မိမိတို့ ဆောင်ရွက်လိုကြောင်း၎င်းက ပြောကြားပြီး ဒေသတွင်းရှိ ရှုခင်းတို့ကြောင့် ထုတ်ပြန်ကြေညာခြင်း ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ သို့သော် မြောက်ပိုင်းကီလန်တန် ပြည်နယ်တွင် အိတ်ချဉ်းလည်တည်ဆောက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီတွင် စင်ကာပူဓနရှင်သူဌေးများ၊ လုပ်ငန်းဌာနများ ပြုပြင်ပြန်လည်တည်ဆောက်ရေးအတွက် ဘတ်ငွေ ၂၀၀ခန် ပျက်စီးသွားကြောင်း သတင်းများက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းကြောင်းကြေညာ

ကွာလာလမ်ပူ နိုဝင်ဘာ ၂၄

မလေးရှားနိုင်ငံ တစ်ဝန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသည်ကို မတွေ့ရှိရကြောင်းဖြင့် မလေးရှား တိရစ္ဆာန်ဆေးကုဌာနညွှန်ကြားရေးမှူး ဒေါက်တာဟာဝါရီဂန အင်္ဂါနေ့တွင် ထုတ်ဖော်ပြောဆိုသည်။

ဈေးထဲတွင် ရောင်းချရန် ခင်းကျင်းထားသော ကြက်ဥအပါအဝင် ကြက်နှင်ဘဲများမှာ ပြည်သူများ၊ ဘေးအန္တရာယ် ကင်းရှင်းစွာ ဝယ်ယူစား သုံးနိုင်ကြောင်း ထုတ်ပြန်ကြေညာခြင်း ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ သို့သော် မြောက်ပိုင်းကီလန်တန် ပြည်နယ်တွင် အိတ်ချဉ်းလည်တည်ဆောက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီတွင် စင်ကာပူဓနရှင်သူဌေးများ၊ လုပ်ငန်းဌာနများ ပြုပြင်ပြန်လည်တည်ဆောက်ရေးအတွက် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အချက်မှာ ဗီယက်နမ်နိုင်ငံအပါအဝင် နိုင်ငံအများအပြားရှိ မြို့ကြီးများ၏ မဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။

မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးများ၏ ဖွဖြိုးရေးလုပ်ဆောင်ရာတွင် စုပေါင်းဖော်ဆောင်သင့်သော လုပ်ငန်းစဉ်အစုံအဖြစ် မိမိတို့ မြင်တင်သင့်ကြောင်း၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဖိလစ်ပိုင်မြောက်ပိုင်းတွင် တိုက်ဖွန်းမုန်တိုင်းတိုက်ခတ်၊ လူ ၆၅ဦး သေဆုံး

မနီလာ နိုဝင်ဘာ ၂၅

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းတွင် ထွိုင်အိုလက်တာခေါ် တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်သဖြင့် မိုးသည်းထန်စွာ ရွေးကြီးမှုများ ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် လူ ၆၁ ဦး သေဆုံးပြီး လူ ၁၀၀တို့ ဒဏ်ရာရရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေး ဒဏ် ကယ်ဆယ်ရေးကောင်စီ NDCC က ပြောကြားသည်။

မုန်တိုင်းကျရောက်သော ဒေသမှာ အိုဒီရင်တယ်မင်ဒိုရို့ဒေသဖြစ်သည်။ ထိုဒေသကို ဘေးဒုက္ခကျရောက်သော ဒေသအဖြစ် ကြေညာထားသည်။ ယခုတိုင်အောင် လူ ၈၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း NDCC ၏ အဆိုအရသိရသည်။

ဒေသပေါင်း ခြောက်ဆယ်တို့တွင် မုန်တိုင်း ဒဏ်သင့်ခဲ့သဖြင့် မိသားစုခြောက်သောင်းကျော် ရွှေ့ပြောင်း ကယ်ဆယ်ပေးရာတွင် ယှဉ်ဆရပြီး အခြားခြောက်ဦးမှာလည်း ပျောက်ဆုံးနေကြောင်း သိရသည်။

မြို့နှစ်ဝယ်ဒေသပေါင်း ၁၁ခုတို့မှ မိသားစုပေါင်း ၁၀၀၀ ကျော်တို့ကို ရွှေ့ပြောင်း ကယ်ဆယ်ပေးရာတွင် လူ ၁၄ ဦးတို့ ထိခိုက်ဒဏ်ရာရကြောင်း သိရသည်။ အဆိုပါဒေသများတွင် အိမ်ခြေ ၃၀၀ခန် ပျက်စီးသွားကြောင်း သတင်းများက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနှင့် ဘာရိန်းနိုင်ငံတို့ကျန်းမာရေးပူးပေါင်းဆောင်ရွက်မည်

စင်ကာပူ နိုဝင်ဘာ ၂၅

စင်ကာပူနှင့် ဘာရိန်းနိုင်ငံတို့သည် နိုဝင်ဘာ ၂၄ ရက်က ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နား လည်မှုစာချွန်လွှာတစ်ရပ်ကို စင်ကာပူနိုင်ငံ၌ လက်မှတ်ရေးထိုးကြကြောင်း သိရသည်။ ယခုလက်မှတ်ထိုးမည့် စာချွန်လွှာသည် စင်ကာပူနှင့် ဘာရိန်းနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ပေးသော နား လည်မှုစာချွန်လွှာပင်ဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးက ထုတ်ဖော်ပြောကြား သည်။

နှစ်နိုင်ငံတို့သည် ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်ပညာရှင်များ၊ အပြန်အလှန်လဲလှယ်ခြင်း၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကိုလေ့ကျင့်ပေးခြင်းနှင့် ဆေးဝါးကုသမှုခံယူရန် လူနာများကို လွှဲပြောင်းပေးခြင်း စသည်များကို ပြုလုပ်နိုင်ကြောင်း လက်မှတ်ရေးထိုးထားသော စာချွန်လွှာတွင် ပါရှိသည်ဟုဆိုသည်။

နှစ်နိုင်ငံ ကျန်းမာရေးဆိုင်ရာ သဘောတူညီမှု စာချွန်လွှာကို စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့် ဘာရိန်းနိုင်ငံ ကျန်းမာရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တောင်ကိုရီးယားနိုင်ငံ၏ အဓိကလေကြောင်းလိုင်း ကိုရီးယားဆဲမိုင်လေယာဉ်တစ်စင်း၊ ဆိုးလ်လေယာဉ်ကွင်းမှ ပျံတက်လာသည်ကို နိုဝင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (ယနေ့ခေတ်သိယလေးလေယက်ကာလအတွင်း လေကြောင်းလိုင်း၏ ဝင်ငွေမှာ ယခင်နှစ်ကထက် ၁၈ရာခိုင်နှုန်း တိုးတက်လာသော်လည်း လောင်စာဆီ ဈေးနှုန်းကြီးမြင့်မှုကြောင့် အမြတ်ငွေမှာ ကျဆင်းသွားကြောင်း သိရသည်။) *(ဓာတ်ပုံ–အင်တာနက်)*

အငြိမ်းစားတို့ စကားဝိုင်း

ဟိန်းမြင့်

ကျွန်တော်တို့ မိတ်ဆွေသူငယ်ချင်းများအား လုံလုံလုပ်လုပ် အသက် ၆၀ ကျော်များဖြစ်ကြသဖြင့် အသက်အရွယ်အရသူ ကျွန်ဘဝဆောက်ကာလကို ကလေးငယ်များအဖြစ်၊ ပါတီစုဒီမိုကရေစီခေတ်ကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသား လူငယ်များအဖြစ် ဖြတ်ကျော်ခဲ့ကြရသူများ ဖြစ်ကြပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုတပ်မတော်အစိုးရ လက်ထက်တွင်မူ ဝန်ထမ်းဘဝအဖြစ်နှင့်ပင် ဆက်လက်တာဝန်ထမ်းဆောင်၍ အသက် ၆၀ ကျော်ခဲ့ကြရာမှ အငြိမ်းစားယူခဲ့ကြသူများ ဖြစ်ကြပါသည်။

သို့ပါ၍ ကျွန်တော်တို့အရွယ် မိတ်ဆွေများအား လုံးသည် ခေတ်ကာလအမျိုးမျိုးကို ကြုံတွေ့ခဲ့ကြရသည်နှင့် အညီ အကောင်းအဆိုး၊ အကျိုးအပြစ်များကို ဝေဖန်ပိုင်းခြားနိုင်သည့် အရွယ်များ ဖြစ်ကြပါသည်ဟု ဆိုရိုးရိုး ပေမည်။

စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းများဘဝမှ သက်ပြည့်အငြိမ်းစား ရယူခဲ့ကြသူများ ဖြစ်ကြသည်အလျောက်လည်း အငြိမ်းစားဘဝတွင် စာဝတ်နေရေး၊ မိသားစုများအရေးတွင် အထိုက်အလျောက် ရုန်းကန်လှုပ်ရှားနေကြရပေရာ တစ်လလျှင်တစ်ကြိမ်၊ နှစ်ကြိမ်မျှလောက်သာဆုံတွေ့၍ နောင်းအတိတ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် လက်ရှိဘဝအတွေ့အကြုံ အဖြစ်အပျက်များကို စကားဝိုင်းဖွဲ့ဆိုကြရပါသည်။

ယနေ့စကားဝိုင်းတွင်မူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သုရေရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သတင်းစာများတွင်ပူးတွဲပါရှိသည်ကို ဖတ်ရှုထား ရသဖြင့်–

“မူဆယ် အဂတိလိုက်စား မှုကြီးက ကြောက်ခမန်းလိလိပဲဟေ့”

“နှစ်လသုံးလအတွင်း ဖြစ်ခဲ့တဲ့ ပမာဏဆိုတော့ နှစ်နဲ့ဆိုရင် မတွေ့ရဲရောပဲ”

“ဒီလို အဂတိလိုက်စား မှုကြီးတွေကနေ ဆက်စပ်လိုက်ရင် ဒို့ဘယ်လိုမှ လိုက်မမိနိုင်တဲ့၊ ဝယ်ဖို့စိတ်ကူးထဲတောင် မထည့်နိုင်တဲ့ အိမ်ဈေး၊ မြေဈေး၊ ကားဈေးစတဲ့ တန်ဖိုးရှိ ပစ္စည်းတွေကို ဝယ်နိုင်သူတွေက ဝယ်ထားကြတော့ ဈေးနှုန်း အဆမတန် မြင့်မားနေတာတွေ ဘယ်လိုမှ ဈေးမကျတာပေါ့”

“အေးလေ၊ အခုဖြစ်စဉ်ကြောင့် တပ်နဲ့ဌာနသုံးခုက ဝန်ထမ်း ၁၈၆ ယောက် ဥပဒေအရ အရေးယူ အပြစ်ဒဏ်ခံကြရတာ နိုင်ငံအတွက် နစ်နာတာပဲ”

“တိုက်ရိုက်တာဝန်ရှိသူများအနေနဲ့ ကြီတင်ကာကွယ်ထိန်းသိမ်းမှု၊ ကွပ်ကဲကြပ်မတ်မှု အားနည်းခဲ့လို့ အခုလို အပ်နှံထွင်းရမယ်အစား ပုဆိုနှံနဲ့ ပေါက်ရတော့ အပြစ်ပေးခံရသူများလည်း နာကြရ၊ နိုင်ငံတော်လည်း ဝန်ထမ်းများဆုံးရှုံးရတာပေါ့”

“အေးကွာ၊ ဗိုလ်ချုပ်မှူးကြီး မကြာခဏပြောနေတဲ့ **ငါ့အတွက်၊ ငါ့မိန်းမအတွက်၊ ငါ့သား၊သမီးအတွက်၊ ငါ့အမျိုးအတွက် ‘ငါ’လေးလုံးကိုရှောင်ပြီး ပြည်သူတွေကို အလုပ်အကျွေးပြုဖို့ဆိုတာကို လိုက်မှမလိုက်နာကြပဲကိုး**”

‘ငါ’လေးလုံးကို အာဏာနဲ့ လုပ်ပိုင်ခွင့်ရှိတဲ့နေရာတွေမှာ တာဝန်ထမ်းဆောင်နေကြရတဲ့သူတွေအား လုံး သတိထားလိုက်နာကြမယ်၊ ကိုယ်ကိုယ်တိုင်လည်း ရှောင်ကြဉ်ကြ၊ ကိုယ့်လက်အောက်ကိုလည်း ရှောင်ကြဉ်ကြဖို့ ကြပ်မတ်ကြဖို့ ကိုယ်ဓနီး၊ သား၊သမီးများကိုလည်း ဆင်ဆင်ခြင်ခြင်နေကြဖို့ ထိန်းသိမ်းကြမယ်ဆိုရင် မဖြစ်သင့်တာတွေ မဖြစ်တော့ဘူးပေါ့ကွာ”

ယခုလို စကား ဝိုင်းဖွဲ့ပြောဆိုနေရင်း တရုတ်ပြည်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ကျွန်တော့်ကို တရုတ်ပြည်မှာရော ဒီလိုအဖြစ်မျိုးတွေမရှိဘူးလား လို့ မေးကြလေရဲ့။

“ရှိပေါ့ကွာ၊ ငါတာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်းမှာပဲ ယန်စီမြစ်ရေကြီးလို့ ရေကတာတွေ ပြီးကုန်တော့မှ ရေကာတာဆောက်လုပ်ရာမှာ စံချိန်စံမှီအောင် မဆောက်ခဲ့တာတွေ၊ တံတား တစ်ခုပြိုကျတဲ့အတွက် လူသေခဲ့ကြရာမှ တံတား ကိုဒိုင်ခွစ်စွာ စံချိန်နဲ့အညီ မဆောက်ခဲ့တာတွေ၊ အဝေးပြေးလမ်းမကြီးဖောက်လုပ်ရာမှာ လမ်းမဖွင့်မီ ပျက်စီးခဲ့တာတွေ၊ နောင်ခိုမှုတွေ၊ အဂတိလိုက်စားခဲ့မှုတွေ အများအပြား ရှိခဲ့ပါတယ်။ တွေ့ရှိတိုင်းလည်း ပြတ်ပြတ်သားသားအရေးယူပြီး သတင်းတွေဖော်ပြခဲ့ကြတယ်”

“ဈေးကွက်စီးပွားရေးစနစ်ကိုပြောင်းသွားတဲ့ နိုင်ငံတွေမှာ မလွဲမသွေဖြစ်ကြမှာပဲ၊ ဒါကို ဂရုပြုကြပ်မတ်ဆင်ခြင်ကြရမှာပဲလေ”

“ဒီလိုပြောနေကြတာက တစ်အချက် တပ်ရဲ့ကွပ်ကဲကြပ်မတ်အုပ်ချုပ်မှု သဘောတရား ကို နာမလည်ကြလို့ပဲ။ နှစ်အချက်ကတော့ ပြည်သူတွေ ထင်ယောင်ထင်မှား ဖြစ်အောင် တမင်ဝါဒဖြန့်ချိနေတာပဲ”

“ရှင်းစမ်း ပါဦးကွာ”

“မြန်မာ့တပ်မတော်ရဲ့ အစဉ်အလာအရ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ပဲရှိတယ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ ဦးဆောင်ကွပ်ကဲကြပ်မတ် လမ်းညွှန်မှုကိုခံယူပြီး အဆင့်ဆင့်ကွပ်ကဲကြပ်မတ် တာဝန်ယူကြရတယ်။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူချိန်ကစပြီး ယခင် နိုင်ငံတော်ဦးဝဲပိပြာ၊ မှုတည်ဆောက်ရေးအဖွဲ့၊ ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဦးဆောင်လမ်းညွှန်မှု၊ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ကောင်စီဝင်များ စုပေါင်းတာဝန်ယူ၊ အား လုံးစုပေါင်း တိုင်ပင် ဆွေးနွေးညှိနှိုင်းဆုံဖြတ်ပြီးမှ နိုင်ငံတော်ရဲ့ မူဝါဒများ၊ နိုင်ငံတော်တည်ဆောက်ရေး မူဝါဒများကို ချမှတ်လုပ်ဆောင်နေတာဖြစ်တယ်”

အခုနိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒ လမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်နေတာတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်နေတာတွေ၊ လက်ရှိ နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားတာတွေဟာ တစ်ဦးတစ်ယောက်ရဲ့ သဘောနဲ့လုပ်တာမဟုတ်ဘူး၊ နိုင်ငံတော် အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက မူဝါဒချမှတ်ပြီး လုပ်ဆောင်နေတာပါ။

“အမျိုးသားထောက်လှမ်းရေးအဖွဲ့ကိုဖျက်လိုက်တာလည်း သိပ်မှန်တယ်ကွ၊ မြို့တိုင်းနေရာတိုင်းမှာလိုလို အဲဒီအဖွဲ့တွေကို ကြောက်နေကြရတာ”

“အာဏာနဲ့လုပ်ပိုင်ခွင့်တွေရှိနေတော့ တာဝန်ကို ဆောင်ရွက်ကြရင်း ကိုယ့်အကျိုးအတွက်လုပ်တာတွေ ဖြစ်လာ၊ ကြပ်မတ်ကွပ်ကဲမှုကလည်း အားနည်းဆိုတော့ တဖြည်းဖြည်းပိုဆိုးလာတယ်ပေါ့။ လူတိုင်းတော့လည်း မဟုတ်ဘူးပေါ့ကွာ။ အကောင်းအဆိုးဆိုတာ ဒွန်တွဲနေမှာပဲလေ”

“တရုတ်မဝင်တင်သွင်းလာတဲ့ကားတွေကို မြို့တိုင်းလိုလို မှာ သုံးနေကြတာ အများအပြားပဲဟာ၊ နိုင်ငံအတွက် အကျင့်ပျက်မှုကိုဖြစ်စေတဲ့ Without ကားတွေ အခုသိမ်းနေတာ တွေ့ရလိုဝမ်းသာစရာပဲ”

“အကျင့်ပျက်မှု၊ အဂတိလိုက်စားမှု၊ တရားမဝင်ခိုးသွင်းခိုးထုတ်လုပ်နေမှုတွေကို အခုပညာပေး ဖမ်းဆီးအရေးယူနေတာတွေဟာ နိုင်ငံအကျိုးအတွက် အကောင်းဘက်ကို ဦးတည်နေတာပဲလို့ တွေ့ရတယ်၊ ဒီလိုတိုက်ကျကျအရေးယူတာကြောင့် တချို့လည်း အရှိန်ရပ်တန့်လို့ပြုပြင်နေတဲ့ သတင်းတွေလည်း ကြားရတယ်။ ဆက်လုပ်နေကြမယ်ဆိုရင်တော့ အရေးယူခံရမှာအမှန်ပဲ”

“အေး– ဒါနဲ့လက်ရှိ အကြီး အကဲတွေကို သဘောထားတင်းမာသူများလို့ ပြည်ပသတင်းမီဒီယာတွေက ပြောနေကြတာ ကြားနေရတယ်။ မင်းက တပ်ကနေပင်စင်ယူထားတယ် ဆိုတော့ ပြောစမ်းပါဦး”

“စုပေါင်း ဦးဆောင်မှု၊ မိမိကျရာတာဝန်ကို တစ်ဦးချင်းတာဝန်ယူမှုနဲ့ ဆောင်ရွက်နေကြတာဖြစ်တယ်ကွာ”

“နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ပေးလိုက်တဲ့ မူဝါဒအတိုင်း နိုင်ငံတော် အစိုးရနဲ့ ဝန်ကြီးဌာနတွေက လက်တွေ့အကောင်အထည်ဖော်ကြရတာပါ”

“ဒါကြောင့် အခုနိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒ လမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည် ဖော်နေတာတွေ၊ တိုင်းရင်းသား အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်နေတာတွေ၊ လက်ရှိ နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားတာတွေဟာ တစ်ဦးတစ်ယောက်ရဲ့ သဘောနဲ့လုပ်တာမဟုတ်ဘူး၊ နိုင်ငံတော် အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက မူဝါဒချမှတ်ပြီး လုပ်ဆောင်နေတာပါ”

“ဒြပြောရရင် အခုလက်ရှိ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းအားလုံးကို နယကဏ ချမှတ်ထားတဲ့အတိုင်း အကောင်အထည်ဖော်နေကြတာဖြစ်လို့ ဘယ်သူကတော့ သဘောထားပျော်ပျောင်းတယ်၊ ဘယ်သူကတော့ သဘောထားတင်းမာတယ်ဆိုတာမရှိဘူးဟ။”

“တကယ်တော့ အခုလိုဘယ်သူကတော့ ပျော်ပျောင်းသူ၊ ဒီမိုကရေစီလိုလား သူ၊ ဘယ်သူတွေကတော့ တင်းမာသူ (Hard Liner)။ ဒီမိုကရေစီမလိုလား သူဆိုပြီး ပြည်တွင်း၊ ပြည်ပပြည်သူတွေကြား မှာ ဖြစ်လာအောင် ဆောင်ရွက်ခဲ့တာဟာ အကြံသမား တွေက တမင်အကွက်ဆင်ဖန်တီးခဲ့တာသာဖြစ်တယ်၊ လက်ရှိ နိုင်ငံအကြီးအကဲတွေကသာ ဒီမိုကရေစီ မလိုလား ဘူး၊ တင်းမာသူတွေဖြစ်တယ်ဆိုရင် နိုင်ငံတော်ရှေ့ဆက်သွား မယ့် မူဝါဒလမ်းစဉ် (၇)ရပ်ဆိုတာ ပေါ်ပေါက်လာစရာ မရှိဘူး၊ ဒီမိုကရေစီကို လိုလား လိုသော စည်းကမ်းပြည်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ဖြစ်လာအောင် လက်တွေ့တည်ဆောက်နေတာ အား လုံး အငြိမ်ပဲ မဟုတ်လား”

“ဒါအပြင် အစိုးရအဆက်ဆက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးမလုပ်ဆောင်နိုင်ခဲ့တာ၊ အခု တပ်မတော်အစိုးရလက်ထက်မှာမှ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်လာခဲ့တာ၊ နိုင်ငံတော်အစိုးရရဲ့ ပူးပေါင်းပြီး ဖွဲ့ဖြိုးရေးအတွက် တည်ဆောက်နေကြတာတွေဟာ တပ်မတော် အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ စစ်မှန်တဲ့ သဘောထား ကို ပြဆိုနေတာပဲ မဟုတ်လား၊ ပြည်ပ Media တွေ အလိုအရဆိုရင် ပျော့ပျောင်းတယ်လို့ မဆိုနိုင်ဘူးလား”

“နောက်ပြီး အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး ဒေသအရေးတွေမှာ ပူးပေါင်းဆောင်ရွက်နေတာ၊ အိမ်နီးချင်း နိုင်ငံများအား လုံးနဲ့ ရင်းနှီးချစ်ကြည်စွာ ဆက်ဆံနေထိုင်နေတာတွေဟာလည်း ပျော့ပျောင်းမှုရဲ့ သာဓကပါပဲ”

“ငါသဘောကိုပြောရမယ်ဆိုရင် နိုင်ငံတော်အစိုးရပဲကွာ၊ နိုင်ငံအကျိုးအတွက်၊ အချုပ်အခြာအာဏာ အတွက်ဆိုရင် မသည်းရင်မခရမယ်၊ ပျော့သင့်ရင်ပျော့ရမှာပေါ့၊ သူများခေါင်းလာခေါက်တာ၊ နာ၊ ရွက် တဲ့ထွေးလာဆွတ်တာကိုငုံခံနေလို့ ဘယ်ရမှာလဲ၊ ကျူးကျော်စော်ကားလာရင် နိုင်ငံရေး နည်းလမ်း၊ စစ်ရေးနည်းလမ်းတွေနဲ့ ပြန်တိုက်ထုတ်ရမှာပေါ့ကွာ”

“နိုင်ငအတွက် ဘာတစ်ခုမှ ကောင်းကျိုးပြုခဲ့ဖူးတာ မရှိသေးဘဲ ဆိုးကျိုးကိုသာရောက်အောင် တစိုက်မတ်မတ် ပြောဆိုလုပ်ကိုင်နေတဲ့သူတွေနဲ့ ဆွေးနွေးညှိနှိုင်းလို့ အဆင်မပြေဖြစ်နေတာနဲ့ သဘောထား တင်းမာသူများလို့ ဘယ်ပြောလို့ရမလဲ”

“တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့လို့ ငြိမ်းချမ်းရေးရယူထားနိုင်တာပဲ၊ ဘယ်အဖွဲ့ မဆို နိုင်ငအကျိုးအတွက်ကိုသာ ရှေးရှုပြီး မိမိပါတီအကျိုး၊ မိမိအကျိုးကို ဦးစားပေး၊ ရေ့တန်းမတင်ဘဲ ဆွေးနွေးကြမယ်ဆိုရင် မအောင်မြင်စရာမရှိပါဘူးလို့ ယုံကြည်တယ်ကွာ၊ စေတနာမှန်ကိုသာလိုပါတယ်”

ထိုသို့ စကား ဝိုင်းပြောဆိုရင်း အိမ်ကဖုန်းလာတာမို့ မပြန်မဖြစ်ကိစ္စလေး တစ်ခုကြောင့် သူငယ်ချင်းများကို နှုတ်ဆက်လို့ ပြန်ခဲ့ရပါတယ်။

အိမ်အပြန်လမ်းတွင် “နိုင်ငံတို့ပါး၊ နိုင်ငံတို့ငါး ဖွံ့ဖြိုးတို့တက်ရေးအတွက် အားထြိုမာန်တက် ဦးတည်ကြုံးပမ်း လုပ်ဆောင်နေကြရှိခဲ့တွင် မိမိတို့နိုင်ငံ၌ မိမိပါတီအကျိုး၊ မိမိအကျိုးကို ရှေ့တန်းတင် လုပ်ဆောင်နေကြတာတွေ၊ အကျင့်ပျက်မှု၊ အဂတိလိုက်စားမှုတွေ အားလုံးရပ်ဆိုင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် မှန်မှန်ကန်ကန်ဖြင့် နိုင်ငအကျိုးကိုသာ စေတနာထား လုပ်ဆောင်ကြမယ်ဆိုရင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငတစ်ခုအဖြစ်သို့ အမြန်ဆုံး ရောက်ရှိလာမှာမလွဲပါ” ဆိုတာကို တွေးတောမြင်ယောင်နေမိပါတော့သည်။ ။

မင်းလှမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်မြို့)က နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မင်းလှမြို့ အစိုးရ အထက်တန်းကျောင်း သပြေခန်းမ၌ ဒီဇင်ဘာ ၆ရက် (အမျိုးသားနေ့)နေ့ကစ ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ မင်းလှမြို့ အထက်တန်းကျောင်း၌ ၂၀၀၃-၂၀၀၄ပညာသင်နှစ်တွင် သုံးသပ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီး သူငယ်တန်းမှနဝမတန်းအထိ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများကိုလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများကိုလည်းကောင်း ဆုများချီးမြှင့်မည်ဖြစ်သည်။

ဆက်သွယ်လူဒါန်းနိုင်

ပညာရည်ချွန်ဆုအတွက် အလှူငွေ ထည့်ဝင်လိုသူများနှင့် မင်းလှမြို့သို့ မေ်တော်ယာဉ်ဖြင့်လိုက်ပါလိုသူများသည် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဦးတင်အောင် ဖုန်း–ရုံး–၂၅၆၀၈၊အိမ်–၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း–အိမ်–၂၅၆၀၃၇၊ ဦးသန်းစိုး ဖုန်း–ရုံး–၃၇၆၆၈၅၊ အိမ်–၅၃၄၇၃၆နှင့် ဦးတင်မောင်ဦး ဖုန်း–ရုံး–၅၃၅၃၄၂၊ အိမ်–၅၁၀၀၅၁ တို့ထံ ဆက်သွယ်လူဒါန်းနိုင်သည်။ (က–ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈–၁၁–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆:၀၀ ၁။ မြဝတီအဖွင့်
၆:၀၅ ၂။ အဖွင့်သီချင်း
၆:၁၀ ၃။ မြန်မာပြည်ထစ်ခုန်ရောင်စုမှတ်တမ်း
၆:၃၀ ၄။ မြန်မာ့သမ္မတ ဦးသိန်းစိန်
၆:၄၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ ဟရာတော်**
“ပဉ္စင်္ဂိကမဂ်နှင့်အဋ္ဌင်္ဂိကမဂ်”
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီး၊ပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်စာပေတော်
၄:၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၅။ **အရေးသင်ပညာရေးပို့ချမှုအစီအစဉ်**
Landform of Arid Regions
(ပထမနေ့–ပထဝီဝင်)
၄:၄၅ ၆။ သာယာသင်္ကြေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကဏ္ဍာတွေ့စရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ မိုးလေသသတင်း
၆:၂၀ ၁၀။ မိုးလေသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လွှမ်းတစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသန့်လင်းရပ်ဖြင်စောတ်လမ်း “ဝန်းတိုင်” (အပိုင်း–၁၇) (စာတော်သိမ်း)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မြန်မာ့ဓနုခင်း
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **English Premier League ဟောလုံးပွဲ Liverpool Vs Arsenal**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီး၊ပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ အာဆီယံ နိုင်ငံအကြီးအကဲ/အဓိကအကြီးအကဲများနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ/အဓိကအကြီးအကဲများ၊ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ဩစတြေးလျ–နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည့်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✧ **ရှေ့ပုံမှ**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အဓိပတိ အဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Kobkeo Luangkhot နှင့် သံရုံးမှတာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့သည် ထိပ်သီးညီလာခံမတိုင်မီ ကြိုတင်ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံစီပွားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ရန် နိုဝင်ဘာ ၂၆ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ကြိုတင်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် စတုတ္ထအကြိမ် အာရှနိုင်ငံမြို့တော်ကြီးများ၏ မြို့တော်ဝန်များအစည်းအဝေး တက်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းများ လေ့လာခဲ့ရာမှ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

မြို့တော်ဝန်အား ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည်စု၊ ဝန်ထမ်းရေးချယ် လေကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တွဲဖက် အတွင်းရေးမှူး ဦးအောင်စိုးနှင့် ဌာနမှူးများက ကြိုဆိုကြသည်။ **(အောက်ပုံ)**

မြို့တော်ဝန်နှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေ၊ အခွန်ဌာန ဌာနခွဲမှူး ဦးဝင်းလှိုင်ထွန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (၁၉)

ပို့ဆောင်နှုတ်ဆက်

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ည်ဖိုရာရုစ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ နိုင်ငံအကြီးအကဲ/အဓိကအကြီးအကဲများနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ/အဓိကအကြီးအကဲများ၊ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ဩစတြေးလျ–နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kobkeo Luangkhot နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်းတိုက် မိုးကုတ်နယ်လှည့်မွေကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုခ္ခရ (ရွှေစက်တော်) အရှင်သူမြတ်သည် နတ္တလင်းမြို့နယ် တာပွန်မြို့ စိတ္တသုခကဦးကျောင်း၌ မမွေရိပ်သာကြီးတွင် မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းကို တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်မှ ၁၁ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဥဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားတော်မူမည်ဟု သိရသည်။ (က–ပ)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမစျာပန သာဓုကီဠနပူဇာသဘင်ကျင်းပ၍ တေဇောဓာတ်ဖြင့် မီးပူဇော်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၂၇

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိ သာသနာတက္ကသိုလ်ကြီးများ၏ အဓိပတိ၊ ပခုက္ကူ မဟာဝိသုတာရာမ နိကာယကြီး၏ အဓိပတိ၊ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ပဋ္ဌာန်းသုံးပုံ နိကာယဓိဋ္ဌာန်သုံးပုံ နိကာယဓိတသင်တိုက်တို့၏ ဦးစီးပဓာနနာယက၊ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာ သဒ္ဒမ္မ ဓောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပဋ္ဌာန်းသုံးပုံနိကာယ် စာသင်တိုက်၌ ကျင်းပပြီး ဥတုဇရုပ်ကလာပ်တော်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းအတွင်းရှိ လောင်တိုက်တော်၌ တေဇောဓာတ်ဖြင့် အဂ္ဂိစျာပန မီးပူဇော်ကြသည်။

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာ သဒ္ဒမ္မဓောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနား၊ တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အဘိဓေ အဂ္ဂမဟာသဒ္ဒမ္မဓောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာ သဒ္ဒမ္မဓောတိက ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနား၊ တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာ သဒ္ဒမ္မဓောတိက ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနား၊ တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားစဉ်။ (ကြေးမုံ)

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓေ မဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာ သဒ္ဒမ္မဓောတိက ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနား၊တွင် ဦးစီးပဓာနနာယက၊ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာ သဒ္ဒမ္မဓောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုစ ဆရာတော်ကြီးအား လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မဂ္ဂေဇောဆရာတော်ကြီးအား လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက သီတဂူ ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော်ကြီးအား လည်းကောင်း လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လွှမ်းခြုံပူဇော်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တိုင်းမှူးတို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ ဆရာတော်၏ ဘွဲ့ပုံတော် စိန်ကတ္တီပါကို ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ပေါ်၌ လွှမ်းခြုံပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သဝဏဥာဏ်ဟူသော်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဒမ္မဓောတိကဓေ ပရိယတ္တိဆရာတော် ဘဒ္ဒန္တ ဝိစာရက ဖတ်ကြားတော်မူသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ ပေးပို့သော ဝမ်းနည်းကြောင်းသဝဏ်လွှာကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ဖတ်ကြားသည်။

ယင်းနောက် ဘဝနတ်ထံဝင်စံတော်မူသော ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ တော်အကျဉ်းကို ဆရာတော်ကြီး၏ ကပည်ပိဋကတ်သုံးပုံစံကားသော ပဓာန နာယက တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာ ကိုဝိသက ဖတ်ကြားတော်မူပြီး မြင်ခြင်း ကို ကိုဆောင်ကျောင်းတိုက် စာချုပ်ဆာဝါစက မဟာဂန္ဓ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဒုမက "ပစ္ဆိမဝန္ဒနာ" ဂါထာ ဖြင့် ဖတ်ကြား၍ပူဇော်သည်။

ဆက်လက်၍ နိဒ်ဝင်ကျော် အဆို တော် ဦးထွန်းရွှေက သာသနာတော် နာကြား ကြပြီး လှူဒါန်းမှု အစုစုတို့ အတွက် ရေကော်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ နိဒ်ဝင်တော် သံဃ မဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ ပဏ္ဍိတ အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသက အပြစ် ရှိကခွင်လွတ်တော်မူပါရန် တောင်းပန် ကန်တော့လွှာကို ပရိသတ်တို့အား တိုင်ကြား ပေးပြီး ပရိသတ်တို့က ဆရာ တော်ကြီးအား ဦးညွှတ်ရိကျိုး ရှိခိုး ကန်တော့ကြသည်။

ဆွေတော် မျိုးတော်များနှင့် တပည့် ဒါယကာများက စကျောင်းတော် မဏ္ဍာပ်အတွင်းမှအလှည့်ကျပင့်ဆောင် ကြကာ နတ်မြင်းပျံရထား ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ဆရာတော်ကြီး၏ရုပ်ကလာပ် တော်အား နတ်မြင်းပျံရထား ပေါ်သို့ ပင့်ဆောင်ရာတွင် နတ်မင်းကြီး လေးပါးတို့က ထီးဖြူတော်များ ပြန့် ဖိုးလျက် ဆွေတော်မျိုးတော်များနှင့် တပည့် ဒါယကာ ဒါယိကာမများ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ပရိသတ် တို့ကလက်အုပ်ချီမိုးကြကာ လိုက်ပါ ပင့်ဆောင်ကြသည်။ ထိုအချိန်တွင် မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မတေးများဖြင့် သီဆိုတီးခတ်ပူဇော်ကြသည်။

ထိုနောက် ဆရာတော်ကြီး၏ ရုပ် ကလာပ်တော်အား အဂ္ဂိဈာပန တေဇောဓာတ်ဖြင့် မီးပူဇော်မည့် လောင်တိုက်တော်ရှိရာ ဒဂုံမြို့သစ် မြင်းပျံရထားကို ပုလဲရတနာလမ်း အတိုင်း ရွှေကြိုဆွဲ၍ ပင့်ဆောင်ကြ သည်။

ယင်းသို့ ဆရာတော်ကြီး၏ ရုပ် ကလာပ်တော်အား ပင့်ဆောင်ရာတွင် ပုလဲရတနာ လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ တို့၌ ရဟန်းရှင်လူ အများပြည်သူတို့က လက်အုပ်ချီမိုးကြ လျက်မူးမြော်ကြည်ညိုကန်တော့ကြ သည်။

ထို့နောက် ရုပ်ကလာပ်တော်အား ပင့်ဆောင်လာသော နတ်မြင်းပျံ ရထားသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အား ကစား ကွင်း ထိပ်သို့ ဆိုက်ရောက်သည်အခါ ဆရာတော်၏ ရုပ်ကလာပ်တော်အား တပည့် သံဃာ တော်များ၊ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာများက အလှည့်ကျ ပင့်ဆောင်ကြကာ အား ကစား ကွင်း အတွင်း၌ လောင်တိုက်တော်အဝင် လမ်းသို့ ရောက်ရှိရာတွင် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး၊ အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာန ဆိုင်ရာအကြီးအကဲများက ဆရာတော် ကြီး၏ ရုပ်ကလာပ်တော်အား တပ်မတော်(လေ) မြေလေယာဉ်အဖွဲ့၏ ရတနာပန်းရထား ပေါ်သို့ ဆက်လက် ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြီးပေးအရာရှိ ဦးမင်းကြည်က လောင်တိုက်တော်ပေါ်သို့ ကြွချီတော် မူပါမည်အကြောင်း အာသီယာစနစ် နိမန္တန်ဂါထာဖြင့် တောင်းပန် လျှောက်ထားပြီး တပည့်သံဃာတော် များ၊ ဈာပနကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဆွေတော် မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ရုပ်ကလာပ်တော် တင်ဆောင်သည့် ရတနာပန်းရထား ကို ရတနာရွှေကြိုဆွဲ၍ လောင်တိုက် တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုကဲ့သို့ ရုပ်ကလာပ်တော်အား ရတနာပန်းရထား ပေါ်သို့ ပင့်ဆောင် နေစဉ်နှင့် ရတနာပန်းရထား ဖြင့် လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင် နေစဉ်တို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာဆိုင်းအဖွဲ့က ကောင်းကင် ကြွေးဖြင့် သီဆိုတီးမှုတ်ပူဇော်သည်။

ထို့နောက် ရုပ်ကလာပ်တော်သည် လောင်တိုက်တော်ပေါ်သို့ ရောက်ရှိပြီး နောက် ဆရာတော် သံဃာတော်များ က ဦးဆောင်၍ ပရိသတ်တို့က အနီစွာ ဝတ သခါရာ အစရှိသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများကြပြီး ဆရာတော်ကြီး၏ ဥတုရေပ်ကလာပ် တော်အား အဂ္ဂိဈာပနတေဇောဓာတ် ပူဇော်ကြကာ သံဝေဂဥဏ် ကိုယ်စီ ပွားကြ၍ ညနေ ၄နာရီတွင် အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ အန္တိမဗျာပန သာဒု ကီဠနပူဇာသဘင် အခမ်းအနား၊ တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ ဆရာတော်ဘွဲ့ဝုံတော် စိန်ကယ်ဘိုပါကို ဆရာတော်ကြီး၏ ရုပ်ကလာပ်ပေါ်၌ လွှမ်းခြုံပူဇော်စဉ်။ (သတင်းစဉ်)

ပင့်ဆောင်

ထို့နောက် ရန်ကုန်တိုင်း သာသနာရေး ဦးစီးမှူး ဦးစသင်းလှိုင်က နတ် မြင်းပျံရထား ပေါ်သို့ ကြွချီတော်မူပါ မည်အကြောင်း အာသီယာစနစ်မန္တန် ဂါထာဖြင့် တောင်းပန်လျှောက်ထား ပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ် တော်အား ဆရာတော်ကြီး၏ တပည့် သံဃာတော်များ၊ ဈာပန ကျင်းပရေး ကော်မတီဝင်များ၊ ဆရာတော်ကြီး၏ (တောင်ပိုင်း)မြို့နယ် အား ကစား ကွင်း သို့ နတ်မြင်းပျံရထား ဖြင့် ပင့်ဆောင် ကြရာတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဆရာတော်ကြီး၏ တပည့်သံဃာတော် များက ရှေ့ဆုံးမှ ကြွရောက်တော် မူကြပြီး ဆရာတော်ကြီး၏ ဓာတ်ပုံ တော်ကို ဥပါသကာများက ပင့်ဆောင် ကြလျက် ဆွေတော် မျိုးတော်များ၊ တပ်အသင်းအဖွဲ့များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက နတ် မြင်းပျံရထားကို ပုလဲရတနာလမ်း အတိုင်း ရွှေကြိုဆွဲ၍ ပင့်ဆောင်ကြ သည်။

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ အန္တိမဗျာပန သာဒု ကီဠနပူဇာသဘင် အခမ်းအနား တွင် ဆရာတော်ကြီး၏ တပည့်သံဃာတော်များက ဘဒ္ဒန္တ သီလဝံသ (ယောဆရာထော်) ဟောကြား တော်မူသော ဥပ္ပါတသန္တိ ပရိတ်တရားတော် (ကြေးမုံ)

ထီးတော်သစ်များတင်လှူရန်အတွက် အလှူငွေပေး

ရန်ကုန် နိဝင်ဘာ ၂၇

ညောင်ဦးမြို့နယ် စဉ်ကူမြို့ မြို့ကုန်းရပ် ရောဝတီမြစ်ကမ်း စခန်းမှမိုရွေစေတီတော်ကြီးအား မဟာဝိသုတာရုတိုက်သစ်ကျောင်း နာယက မဟာဂန္ဓ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တ မ (စဉ့်ကူဆရာတော အမှူထားပြီး ဗုဒ္ဓပူဇနိယဆီမီး ဂုဇဝဝအဖွဲ့(အင်းစိန်)မှကြီးမှူး၍ အရန်စေ ထီတော်သစ်တင်ရန်အတွက်အလှူငွေ ပေးအပ်ပွဲကို နိဝင်ဘာ ၂၀ရက်က ဂုဇဝဝရုံးခန်းမ၌ကျင်းပရာ စေတီတော်ကြီးအား လုံးတော်ပြည် ရွှေဆေးသ ကပ်လူရန် ဦးအောင်မြင့်–ဒေါ်အမာဆွေ မိသား၊စုအင်းစိန်ကငွေကျပ်ပေါင်း၃၀ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး)–ဒေါ်နော်ဂေးလီ မိ က ကျပ် ၅၄၉၀၀၊ ဦးခင်မောင်စိုး မိသား၊စု၊ သား ဦးသွင်ဦးမိသား၊စု၊ ဒေါ်ညွှ (သမိုင်း)နှင့်အဖွဲ့၊ အမက(၁၂)မှ အလယ်တန်းပြ ဆရာမများဖြစ်ကြ ဒေါ်မြမြအေး၊နှင်းဒေါ်ဆွေဆွေအောင်၊ ဦးတင်ဦး–ဒေါ်လှကြိုင် မိသား၊စု(အင် ဦးမြင့်စိုး(တရား၊ရုံးချုပ်ရှေ့နေ)–ဒေါ်တင်တင်လွိုင်မိသား၊စုတို့က ကျပ်၂၂၅ ဦးမိုးဝင်း(စဉ့်ကူစိုးဝင်း)–ဒေါ်မိမိရီ(မိမိရီ–အင်းစိန်)မိသား၊စု၊ ဦးအောင်နိုင်ဦး ကျပ်၁၅၃၀၀စီတန်ထီများ၊ ဦးဝင်းသိန်း–ဒေါ်နုင်းသိန်း မိသား၊စု၊ ဒေါ်အေ မော်မိသား၊စု၊ ဒေါ်ငြိမ်း(ညိုနှင်းရီ)၊ ဦးခင်မောင်ညွှန် (တရား၊ရုံးချုပ်ရှေ့ ဒေါ်တင်တင်ဆန်းမိသား၊စု၊ ဦးမိုးနိုင်–ဒေါ်သက် ဆွေဆွေထွန်းမိသား၊စု၊ ဦး ရိုန်–ဒေါ်ချိုချိုမိသား၊စုတို့က ကျပ်၉၉၀၀စီပေးအပ်လှူဒါန်းကြသည်။

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ သောဘ မဟာထေရ်၏ အန္တိမဗျာပနသာဒုကီဠန ပူဇာသဘင်အခမ်းအနားတွင် တို နှင့် ဝန်ကြီးများက ဆရာတော်ကြီး၏ရုပ်ကလာပ်တော် တင်ဆောင်ထား ရတနာပန်းရထားအား ရတနာရွှေကြိုးဆွဲ၍ လောင်တိုက်ပေါ် ပင့်ဆောင်ပူ စဉ်။ (ကြေ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၁၁–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အာသီဒေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥက္ကဋမဟာရဋ္ဌ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကာ(အဂ္ဂမဟာသဒ္ဓမ္မိက၊ ဘဒ္ဒန္တ သိရိဓမ္မာဘိဝံသ (ယောဆရာထော်) ဟောကြား တော်မူသော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာရချိုးအေးမင်္ဂလာတေး

၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈:၁၇ ၇။ အရေးပြိုင်ပွဲ

၈:၂၀ ၈။ ဟော်ဘင်ရေလှောင်တမံ

၈:၃၀ ၉။ International News. Say it in English.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တော်

၁၁:၀၅ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၁၅ ၃။ **နိုင်ငံခြားဓာတ်လမ်းတွဲ သစ္စာရစ်ပန်း (အပိုင်း–၄၀)**

၁၁:၅၅ ၄။ **မြန်မာ့ရုပ်ရှင် ရင်ထဲက ဆောင်းရာသီ (လွှင်မိုး၊ ထွန်းဆိုခမို၊ မြတ်ကေသီအောင်၊ ဆိုဖြူဇိုး) (ဒါရိုက်တာ–မောင်ဝံပျော)**

၁:၄၅ ၅။ International News.

၂:၀၀ ၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တော

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရုင်းသန် ထက်မြက်ရေးတေး၊များ

၄:၃၀ ၃။ English for Everyday

၄:၅၅ ၄။ အဝေးသင်တက္ကသိုလ်ပညာ ရပ်မြင်သံကြား သင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူး-ပြု) (ဓာတုဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား တေး၊သံဃာ

၅:၁၅ ၆။ တောင်တာအစီအစဉ်

၅:၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၃၀ ၈။ ညနေခင်းသတင်း

၇:၀၀ ၉။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၀။ **နိုင်ငံခြားဓာတ်လမ်းတွဲ ရစ်ကြိုးသွယ်တဲ့လင်းပိုင်ပေ (အပိုင်း–၃၆)**

၇:၃၅ ၁၁။ စိုက်ပျိုးရေးမိ-အားပြည်ထွန်

၇:၄၅ ၁၂။ တောင်တာအစီအစဉ်

၈:၀၀ ၁၃။ ပြည်ထောင်းသတင်း

၁၃။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ **နိုင်ငံခြားဓာတ်လမ်းတွဲ ချစ်ခဖွားသည် ဆန်းကြယ် လှသည် (အပိုင်း–၂၁)**

၁၇။ နောက်တစ်နေ့ အစီအစဉ်

၁၈။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြတ်မြို့ ရွှေတိဂုံဘုရား မဟာသိဒ္ဓိဇယစေတီတော် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၂ရက်ညနေပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် မြိတ်ဖြို့သို့ ရောက်ရှိလာရာ မြိတ်လေဆိပ်တွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းဦင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြာသင်္ကန်းဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဗုဒ္ဓသာသနာ့ ဗီမာန်တော်တွင် စဝယ်တော်မူနေသော ဗုဒ္ဓရုပ်ပွား တော်အား ကြာသင်္ကန်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မဟာသိဒ္ဓိဇယစေတီတော်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့သည် မဟာသိဒ္ဓိဇယ စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုသည်။

ပိုင်းဝန်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မဟာသိဒ္ဓိဇယစေတီတော်ရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စည်းမျဉ်းများနှင့်အညီ တည်ဆောက်ရေး၊ စေတီတော်လိုဏ်အတွင်း မျက်နှာကြက်များတွင် မီးဆိုင်းများ ချိတ်ဆွဲရေး၊ စေတီတော်တည်ဆောက်ပြီးစီးသွားပါက ဂေါပက အဖွဲ့များ စနစ်တကျဖွဲ့စည်း တာဝန်ပေးရေး၊ စေတီတော်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဗောဓိပင်များ စိမ်းလန်းဝေဆာနေရေး၊ စေတီတော်အား မြန်မာ့အနုပညာ ဗိသုကာလက်ရာများဖြင့် ခုနည်းထည်ဝါစွာဖြင့် တည်ဆောက်ရေးတို့အတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စေတီတော်လိုဏ်အတွင်း တည်ဆောက်ပြီးစီးမှုလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ စေတီတော် ရင်ပြင်တော်မှနေ၍ သာသနာ့ဗိမာန်ကျောင်း၊ ရေကန်တော်၊ သိမ်တော်နှင့် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ပြီးစီးမှုတို့ကို လည်းကောင်း၊ စေတီတော်ဝန်းကျင်၌ ဗောဓိပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်းကောင်း လုပ်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဂုဏ်ကျက်သရေဆောင်

အဆိုပါ မဟာသိဒ္ဓိဇယစေတီတော်မှာ ဥာဏ်တော် ၁၀၈ ပေ ရှိပြီး သံအားဖြည့်ကွန်ကရစ်ဖြင့် အမာခံတည်ဆောက်ထားကာ မုခ်ဦးလေးခုတို့ဖြင့် စေတီတော်အတွင်း ဝင်ရောက်ဖူးမြော်နိုင်သော လိုဏ်ဘုရား တစ်ဆူဖြစ်ပြီး တနင်္သာရီတိုင်းအတွင်းရှိ ပြည်သူများ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရန် သာသနာတော်အခွန်ရှုံးကြာ တည်တံ့ခိုင်ခံ့နေစေရန်အတွက် တနင်္သာရီတိုင်း၏ ဂုဏ်ကျက်သရေဆောင်အဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

နံနက် စနာရီခွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ခမ္မာရုံ၌ ကျင်းပသည့် နဝမအကြိမ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဓနနိုးရုံး ဘုံကထိန်သင်္ကန်း ကပ်လှူပွဲသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသာရုနှင့် နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် ကန်သာကျောင်းတိုက် ဆရာတော် မဟာဂန္ဓဝါစရ ပဏ္ဍိတ ဘဒ္ဒန္တ ဝိမလထံမ ဂါဟပါသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ထံမှ ပရိတ်တရားတော်များ နာကြား ကြသည်။

ပရိတ်တရားနာကြား

ရှေ့ဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား၊ ကန်တော့ဖွင့်လှစ်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် ကန်သာကျောင်းတိုက် ဆရာတော် ဂန္ဓဝါစရ ပဏ္ဍိတ ဘဒ္ဒန္တ ဝိမလထံမ ဂါဟပါသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြား ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က မွန်ရုတ္တရာဘုရားကြီး၏ ဂုဏ်ကျက်သရေဆောင်အဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က မွန်ရုတ္တရာဘုရားကြီး၏ ဂုဏ်ကျက်သရေဆောင်အဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က မွန်ရုတ္တရာဘုရားကြီး၏ ဂုဏ်ကျက်သရေဆောင်အဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က မွန်ရုတ္တရာဘုရားကြီး၏ ဂုဏ်ကျက်သရေဆောင်အဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က မွန်ရုတ္တရာဘုရားကြီး၏ ဂုဏ်ကျက်သရေဆောင်အဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

တန်ဆောင်မုန်းလပြည့်နေ့က ရန်ကင်းမြို့နယ်လုံးဆိုင်ရာ (၃၉)ကြိမ်မြောက် နှစ်ကျိပ်ရစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ရပ်ကွက်အသီးသီးတွင် ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံစဉ်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင် အနီးတွင်) ဒေါ်ထူးမေ(ခ)ဒေါ်ရွှေမေ သား တင်နွယ်ထွန်း၊ သမီး မလဲလဲထွန်း၊ မသီဂီထွန်း၊ အမှတ် (၁၃၀/၈)၊ (ပ)ထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်က အလှူငွေကျပ် တစ်သိန်းတစ်သောင်း တစ်ထောင့်တစ်ရာ တစ်ဆယ်တစ်ကျပ်ကို အမွှဲဝင် ဦးမျိုးခင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကျေးကြီး၏ (၁၅)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပရာ တိပိဋကရေ တိပိဋကကောဝိဒ တိပိဋကရေ မွေဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြို ဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒဘိဝံသနှင့် ပဉ်သံဃာ ၂၅ပါးတို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ယခုအာရုဝုရှူး တံခွန်စိုက်ပြိုင်ပွဲသည် ပြိုင်ပွဲဝင်နိုင်ငံအများဆုံး ပြိုင်ပွဲဖြစ်
မြန်မာဝုရှူးအဖွဲ့ချုပ်အနေဖြင့် ဆယ်နှစ်တာကာလအတွင်း အလွန်တိုးတက်လာ

ရန်ကုန် နိဝင်ဘာ ၂၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရုဝုရှူးတံခွန်စိုက်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဝုရှူးအဖွဲ့ချုပ် အတွင်းရေးမှူး Mr. Wang Xiaolin ဦးဆောင်သော တာဝန်ရှိသူများ၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဖြို့သဃ်ိန်းကျွန်းဖြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)ရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

နိဝင်ဘာ ၂၇ရက်က မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကော်မီတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီး ဌာန ဝန်ကြီး၊ အာရုဝုရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Li Zhijian အား ရန်ကုန်ဖြို့ ကုန်းဘောင်သာရိ ဧရာဝတီရိမိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်း–ကျော်ဖုံ) (သတင်းစဉ်)

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အာဂကစား၀န်ကြီးဌာနမှ တာ၀န်ရှိသူများ၊ မြန်မာနိုင်ငံ အားကစာကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အားကစာကလောင်ရှင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များမှ စာတည်းနှင့် သတင်းထောက်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငြာသတင်းထောက်များ အသင်းမှ တာ၀န်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ အာရုဝုရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Kyuhei Muraoka က ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယခု (၆)ကြိမ်မြောက် အာရုဝုရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် နိုင်ငံအများဆုံး ပါဝင်သော ပြိုင်ပွဲဖြစ်သကဲ့သို့ အရည်အချင်း မြင့်မားသော ပြိုင်ပွဲလည်း ဖြစ်ကြောင်း၊ အဆိုပါ ပြိုင်ပွဲ အပြင် မြန်မာနိုင်ငံ၌ အာရုဝုရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Wang Xiaolin က ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဝုရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးက ရှင်းလင်းတင်ပြရာတွင် ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရေးအတွက် ၂၀၀၀ ပြည့်နှစ်(၅)ကြိမ်မြောက် အာရုဝုရှူးတံခွန်စိုက်ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံအပေါ်အဝင် လေးနိုင်ငံက အာရုဝုရှူးအဖွဲ့ချုပ်သို့ တင်ပြခဲ့ကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် ကနဦးကတည်းက ကြိုးပမ်းခဲ့ကြောင်း၊ ယခုပြိုင်ပွဲသည် လေးနှစ်တစ်ကြိမ် ကျင်းပသည့် ပြိုင်ပွဲဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးခဲ့၍ အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများနှင့် တာဝန်ရှိသူများကလည်း မြန်မာတို့၏ ဧည့်ဝတ်ကျေပွန်မှုကို ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြကြောင်း၊ ၂၀၀၈ ခုနှစ် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် ဝုရှူးအားကစားနည်း ပါဝင်ခွင့်ရရှိရေးအတွက် အာရုကကြိုးစားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဝုရှူးအဖွဲ့ချုပ်အနေဖြင့်လည်း ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကို ရည်ရွယ်၍ ကြိုးစားလျက်ရှိကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ပြောကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၆)ကြိမ်မြောက် အာရုဝုရှူးတံခွန်စိုက်ပြိုင်ပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ဝုရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး ရှင်းလင်းပြောကြားစဉ်။
(ကြေးမုံ)

▲ အာရုဝုရှူးမှ Nguyen Thi Ngoc Oanh က ၂၇၁သမဂ္ဂဝုဖတ်ဖြင့် တတိယ ကြေးတံဆိပ်တို့ ဆွတ်ခူးရရှိသည်။ ဆုရရှိသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား၀န်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုတံဆိပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဝုရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ဂုဏ်ပြုပန်းစည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးနန်းကွန် ပြိုင်ပွဲတွင် မကာအိမှ Huang Yan Hui က ဒုဒသမ ၃၀မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မြန်မာမှ ဆွေဆွေသန်က ဒုဒသမ ၂၇မှတ်ဖြင့် ဒုတိယဒွေတံဆိပ်၊ ဂျပန်မှ Sachiko Takeda က ဒုဒသမ ၂၆မှတ်ဖြင့် တတိယ ကြေးတံဆိပ်၊ အမျိုးသားနန်းတောင်ပြိုင်ပွဲတွင် မလေးရှားမှ Ho Ro Bin က ဒုဒသမ၃၅မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မြန်မာမှ ဇော်ဇော်မိုးက ဒုဒသမ ၃၃မှတ်ဖြင့် ဒုတိယဒွေတံဆိပ်၊ ဟောင်ကောင်မှ Cheng Ka Ho နှင့် ဗီယက်နမ်မှ Le Quang Huy တို့က ဒုဒသမ ၃၀မှတ်ဖြင့် ပူးတွဲတတိယ ကြေးတံဆိပ်၊ အမျိုးသားနန်းတောင်း၊ နန်းကွန်၊ နန်းချွန်ပြိုင်ပွဲ သုံးခုပေါင်းတွင် မလေးရှားမှ Ho Ro Bin က ဒုဒသမ ဒုဝမှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မြန်မာမှ ဇော်ဇော်မိုးက ၂၇ ဒသမ ဒုဝ မှတ်ဖြင့် ဒုတိယဒွေတံဆိပ်၊ ဗီယက်နမ်မှ Le Quang Huy က ၂၇ဒသမဗဝမှတ်ဖြင့် တတိယကြေးတံဆိပ်တို့ အသီးသီး ဆွတ်ခူးရရှိကြသည်။

အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် ဗီယက်နမ်မှ Nguyen Thi My Duc က ဒု ဒသမ ၃၃မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မကာအိမှ Han Jing က ဒုဒသမ ၂၈ မှတ်ဖြင့် ဒုတိယဒွေတံဆိပ်၊ ဗီယက်နမ်မှ Dan Thanh Xuan က ဒု ဒသမ ၂၃ မှတ်ဖြင့် တတိယ ကြေးတံဆိပ်၊ အမျိုးသမီး ချန်းချွမ်၊ ချန်းစုကျန်စုပြိုင်ပွဲသုံးခုပေါင်းတွင် ဗီယက်နမ်မှ Nguyen Thi My Duc က ၂၇ ဒသမ ၈၇ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မကာအိမှ Han Jing က ၂၇ ဒသမ ၈၄ မှတ်ဖြင့် ဒုတိယဒွေတံဆိပ်၊ ဗီယက်နမ်မှ Dam Thanh Xuan က ၂၇ဒသမ ၇၉မှတ်ဖြင့် တတိယ ကြေးတံဆိပ်တို့ အသီးသီး ဆွတ်ခူးရရှိကြသည်။

အမျိုးသား အတွဲလိုက် စိတ်ကြိုက်အတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သော ပြည်ဝဖြို့နယ် အောင်စည်သူ(မြန်မာ)။
(ကြေးမုံ)

ညနေပိုင်းကျင်းပသော ပွဲစဉ်များတွင် အမျိုးသားချန်းချွမ်ပြိုင်ပွဲတွင် မြန်မာမှ ပြည်ဝဖြို့က ဒုဒသမ ၃၅မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ ဗီလစ်ပိုင်မှ Ar Vin Ting က ဒုဒသမ၃၀ မှတ်ဖြင့် ဒုတိယ ရွှေတံဆိပ်၊ ဗီယက်နမ်မှ Nguyen Tien Dat က ဒုဒသမ ၂၈ မှတ်ဖြင့် တတိယ ကြေးတံဆိပ်တို့ ဆွတ်ခူးရရှိကြရာ ဆုတံဆိပ်များကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား၀န်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဆုတံဆိပ်များကို လည်းကောင်း၊ ဂုဏ်ပြုပန်းစည်းများကို မြန်မာနိုင်ငံ ဝုရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ အမျိုးသား အတွဲလိုက် စိတ်ကြိုက်အတိုက် ပြိုင်ပွဲတွင် မြန်မာမှ ပြည်ဝဖြို့နှင့် အောင်စည်သူတို့အတွဲက ဒု ဒသမ ၃၀မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ ဟောင်ကောင်မှ Chow Ting Yu၊ To Yu Hang နှင့် Chan Siu Kit အတွဲက ဒု ဒသမ၂၈ မှတ်ဖြင့် ဒုတိယ ဒွေတံဆိပ်၊ မကာအိမှ Jai Rui နှင့် Ng Leong Chun အတွဲက ဒု ဒသမ ၂၅ မှတ်ဖြင့် တတိယ ကြေးတံဆိပ်တို့ ဆွတ်ခူးရရှိကြသည်။

အမျိုးသား ချန်းချွမ်၊ ချန်းစု၊ ကျန်စုပြိုင်ပွဲသုံးခုပေါင်းတွင် ဖိလစ်ပိုင်မှ Arvin Ting က ပထမ ရွှေတံဆိပ်၊ မြန်မာမှ ပြည်ဝဖြို့က ဒုတိယ ဒွေတံဆိပ်၊ တောင်ကိုရီးယားမှ Kweang Heung Seok က တတိယ ကြေးတံဆိပ်၊ အမျိုးသမီးအတွဲလိုက် စိတ်ကြိုက် အတိုက်ပြိုင်ပွဲတွင် မကာအိမှ Han Jing နှင့် Huang Yan Hui အတွဲက ဒုဒသမ၂၆ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ တရုတ်(တိုင်ပေ)မှ Chen Shao Chi နှင့် Chang Meng Chai တို့အတွဲက ဒုဒသမ၂၃မှတ်ဖြင့် ဒုတိယ ဒွေတံဆိပ်၊ စင်ကာပူမှ Deng Ying Zhi နှင့် Ng Xin Ni အတွဲနှင့် ဟောင်ကောင်မှ Wong Wun Yee Amy၊ Law Sum Yin နှင့် Ho Pak Kei Peggie တို့အတွဲက ဒုဒသမ ၂၀မှတ်ဖြင့် ပူးတွဲတတိယ ကြေးတံဆိပ်တို့ ဆွတ်ခူးရရှိကြသည်။

ဆန်းဆိုပြိုင်ပွဲများတွင် အမျိုးသမီး(၄၅)ကီလိုတန်းတွင် တရုတ်မှ Liu Yan က ပထမရွှေတံဆိပ်၊ ဖိလစ်ပိုင်မှ Jennfer Lagilag က ဒုတိယ ဒွေတံဆိပ်၊ မြန်မာမှ ဆွေဝင်နှင့် ဗီယက်နမ်မှ Nguyen Thi Hang တို့က ပူးတွဲတတိယ ကြေးတံဆိပ်၊ ၄၈ ကီလိုတန်းတွင် တရုတ်မှ He Pengjuan က ပထမရွှေတံဆိပ်၊ အီရန်မှ Zahra Asghardun က ဒုတိယ ဒွေတံဆိပ်၊ အိန္ဒိယမှ Kiran Bala Devi နှင့် ဗီယက်နမ်မှ Bui Thi Nhu Traang တို့က ပူးတွဲတတိယ ကြေးတံဆိပ်၊ ၅၂ ကီလိုတန်းတွင် တရုတ်မှ Zhang Xiao Yan က ပထမရွှေတံဆိပ်၊ ဗီယက်နမ်မှ Nguyen Thuy က ဒုတိယဒွေတံဆိပ်၊ အီရန်မှ Khadijeh Naghiyan နှင့် ဖိလစ်ပိုင်မှ Rhea May Rifanl တို့က ပူးတွဲတတိယကြေးတံဆိပ်၊ ၅၆ ကီလိုတန်းတွင် ဗီယက်နမ်မှ Ngo Thi Ha က ပထမရွှေတံဆိပ်၊ ဖိလစ်ပိုင်မှ Mary Jane Estimar က ဒုတိယဒွေတံဆိပ်၊ မြန်မာမှ မိုဝါနှင့် အိန္ဒိယမှ Poonam Kajla တို့က ပူးတွဲတတိယ ကြေးတံဆိပ်၊ ၆၀ ကီလိုတန်းတွင် တရုတ်မှ Xia Ruixin က ပထမ ရွှေတံဆိပ်၊ ဗီယက်နမ်မှ Le Thi Tha က ဒုတိယ ဒွေတံဆိပ်၊ မြန်မာမှ စိုးယုနိုင်နှင့် အိန္ဒိယမှ Vljayta တို့က ပူးတွဲတတိယ ကြေးတံဆိပ်တို့ အသီးသီး ဆွတ်ခူးရရှိကြသည်။

အမျိုးသား ၄၈ ကီလိုတန်းတွင် ဖိလစ်ပိုင်မှ Rene Catalan က ပထမ ရွှေတံဆိပ်၊ ဟောင်ကောင်မှ Pibool Khunkaew က ဒုတိယ ဒွေတံဆိပ်၊ ဗီယက်နမ်မှ Vu Van Linh နှင့် ယီမင်မှ Alashwal တို့က ပူးတွဲတတိယ ကြေးတံဆိပ်၊ ၅၂ ကီလိုတန်းတွင် ဗီယက်နမ်မှ Phan Qude Vinh က ပထမရွှေတံဆိပ်၊ အီရန်မှ Ali Fathi Arate က ဒုတိယ ဒွေတံဆိပ်၊ မြန်မာမှ မင်းထွန်းနှင့် ယီမင်မှ Najy Hussein တို့က ပူးတွဲတတိယကြေးတံဆိပ်၊ ၅၆ ကီလိုတန်းတွင် တရုတ်မှ Yu Feibiao က ပထမ ရွှေတံဆိပ်၊ ဖိလစ်ပိုင်မှ Rexel Nganhayna က ဒုတိယဒွေတံဆိပ်၊ ဗီယက်နမ်မှ Phan Anh Yen နှင့် တောင်ကိုရီးယားမှ Cha Jun Youl တို့က ပူးတွဲတတိယ ကြေးတံဆိပ်၊ (၆၀)ကီလိုတန်းတွင် တရုတ်မှ Zhang Tingbin က ပထမရွှေတံဆိပ်၊ ထိုင်းမှ Viwat Chu Ubol က ဒုတိယ ဒွေတံဆိပ်၊ ဗီယက်နမ်မှ Nguyen Ven Than နှင့် မကာအိမှ Cai Jun Long တို့က ပူးတွဲတတိယ ကြေးတံဆိပ်၊ ၆၅ ကီလိုတန်းတွင် တရုတ်မှ Zhao Guangyong က ပထမ ရွှေတံဆိပ်၊ အီရန်မှ Noroozi Viri က ဒုတိယဒွေတံဆိပ်၊ မြန်မာမှ အောင်ဆန်းယုနှင့် ဗီယက်နမ်မှ Le Thanh Hoa တို့က ပူးတွဲတတိယ ကြေးတံဆိပ်တို့ ရရှိကြသည်။

၇၀ ကီလိုတန်းတွင် တရုတ်မှ Zhang Wenfein က ပထမ ရွှေတံဆိပ်၊ ဖိလစ်ပိုင်မှ Eduaro Folayang က ဒုတိယဒွေတံဆိပ်၊ အိန္ဒိယမှ Oojoy Singh နှင့် အီရန်မှ Nina Lotfi Chaijani တို့က ပူးတွဲတတိယကြေးတံဆိပ်၊ ၇၅ ကီလိုတန်းတွင် အီရန်မှ Hossein Ojaghi က ပထမရွှေတံဆိပ်၊ မြန်မာမှ စသာဌေးက ဒုတိယဒွေတံဆိပ်၊ တရုတ်မှ Bao Ligao နှင့် မလေးရှားမှ Lew Chee Wai တို့က ပူးတွဲတတိယ ကြေးတံဆိပ်၊ ၈၀ ကီလိုတန်းတွင် အီရန်မှ Ghasem Khodadadi က ပထမ ရွှေတံဆိပ်၊ ဥဇ္ဘက်ကစ္စတန်မှ Mirkarimov Sirojiddin က ဒုတိယ ဒွေတံဆိပ်၊ ၈၅ ကီလိုတန်းတွင် တရုတ်မှ Cheng Zhigang က ပထမ ရွှေတံဆိပ်၊ အီရန်မှ Hossan Mohsenpoue က ဒုတိယဒွေတံဆိပ်၊ အိန္ဒိယမှ Kuldeep က တတိယ ကြေးတံဆိပ်၊ ၉၀ ကီလိုတန်းတွင် တရုတ်မှ Qing Gele က ပထမ ရွှေတံဆိပ်၊ အီရန်မှ Shabani က ဒုတိယဒွေတံဆိပ်တို့ အသီးသီး ဆွတ်ခူးရရှိသွားသည်။

(ကြေးမုံ)

(၆)ကြိမ်မြောက် အာရုဝုရှူးတံခွန်စိုက်ပြိုင်ပွဲ အသင်းများ၏ ဆုတံဆိပ်ရရှိမှု အခြေအနေ

စဉ်	အသင်း	ရွှေ	ငွေ	ကြေး
၁	တရုတ်	၂၁	၂	၁
၂	ဗီယက်နမ်	၅	၁၀	၁၅
၃	မြန်မာ	၅	၈	၉
၄	ဖိလစ်ပိုင်	၃	၅	၄
၅	မကာအို	၃	၃	၅
၆	အီရန်	၂	၆	၁
၇	စင်ကာပူ	၂	၂	၃
၈	မလေးရှား	၂	၂	၂
၉	ဟောင်ကောင်	၁	၅	၃
၁၀	တောင်ကိုရီးယား	၁	–	၃
၁၁	တရုတ်(တိုင်ပေ)	–	၂	၁
၁၂	ထိုင်း	–	၁	–
၁၃	အိန္ဒိယ	–	–	၅
၁၄	ယီမင်	–	–	၂
၁၅	ဥဇ္ဘက်ကစ္စတန်	–	–	၁
၁၆	ဂျပန်	–	–	၁
၁၇	အင်ဒိုနီးရှား	–	–	၁

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ကျေးလက်လမ်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့သို့ရောက်ရှိပြီး တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြို့ပြနှင့် ကျေးလက်လမ်းများ ဆောင်ရွက်ထားမှုအခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဥက္ကဋ္ဌ–စမ်းရွာ ကျေးလက်လမ်း အရှည်ခြောက် မိုင်နှစ်ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်း ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းအရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရုံးပေါင်း စုလမ်းအရှည်ပေ ၁၂၀၀ကတ္တရာခင်း ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ပံ့ပိုးပေးသည်။

ပံ့ပိုးဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပါရမီရိပ်သာ (၂)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ထပ်မံဖောက်လုပ်ရန် လျာထားသည့် လမ်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။ (သတင်းစဉ်)



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ရုံးပေါင်းစုလမ်းအရှည် ပေ ၁၂၀၀ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

နိုဝင်ဘာ ၂၅ ရက်က ကိုရီးယားထုတ်ကုန်ပစ္စည်းပြပွဲ (၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ကုန်သွယ်မှုဗဟိုဌာနခွဲ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များ maruart ဇော်မီကိုရီးယား လာမီနိတ်ရောင်စုံကြမ်းခင်းပြခန်းတွင် လေ့လာကြည့်ရှုကြစဉ်။ (က–ပ)

ဈာအုပ်ဧေးပွဲတော်ဘွင် စားသောက်ဆိုင်များဖွင့်လှစ်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၇

၁၃ဖြဝခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် စာအုပ်ဈေးပွဲတော်ကို ဒီဇင်ဘာ ၃ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် အထက်ပုန္နဂံတောင်လမ်းမကြီးရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနခွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

စာအုပ်ဆိုင်များ ခင်းကျင်းပြသရောင်းချရာတွင် လာရောက်ဝယ်ယူအား ပေးကြသူများ အဆင်ပြေ ချောမွေ့စွာဖြင့် စားသောက် သွားဆောင်နိုင်ရန် စားသောက်ဆိုင်များကိုပါ ပူးတွဲနေ ကျင်းရောင်းချနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်၍ စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချလိုသူများသည်ဆိုင်ခန်း နေရာချထားရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်း ဦး ဖုန်း–၂၀၁၅၁၂၊ ၂၀၂၀၈၉၊ အတွင်းရေးမှူး ဦးကြိုင်မြင့် ဖုန်း–၂၄၃၁၈၂နှင့် လုပ်ငန်းကော်မတီဝင် ဦးစိုးအောင် ဖုန်း–၂၀၁၀၁၇ တို့ထံ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

နိုဝင်ဘာ ၂၄ ရက်က ဗဟန်းကြားတောရလမ်း မင်္ဂလာဈေးမွေ့ရဲကြီး၌ ကျင်းပသော (၁၈)ကြိမ်မြောက် မင်္ဂလာဈေးဒိသားစု မဟာဘုံကထိန်ပွဲတော်တွင် သမဲန်းကျွန်းမြို့နယ် သန္ဓမွေတောတိကကျောင်းတိုက်ဦးဇီးပခန နာယက ဆရာတော် ဘဒ္ဒန္တ ပညာဒီပ (ဓမ္မာစရိယ)ထံ ကထိန်ဖြစ်မြောက်ရေးဥဇ္ဇဂ္ဂဠီဝင်းမြင့်နှင့် အမှုဆောင်များက ကထိန်သင်္ကန်းကပိလ္လာကြစဉ်။ (က–ပ)

ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် Han Event Management တို့ ပူးပေါင်းစီစဉ် ကျင်းပသော ၂၀၀၄–၂၀၀၅ခုနှစ် ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာဗစ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2004-2005) ပထမပွဲစဉ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ရက် ဒဂုံတက္ကသိုလ် (မြကန်သာ) တီခုံအမှတ်(၁)၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှအမှုဆောင်ဦးကိုကိုလေး၊ နှင့် I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးအောင်မိုးကျော်တို့က ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို နှစ်ရက်ကျင်းပရာ ပထမနေ့ပွဲစဉ်၌ ပြိုင်ပွဲဝင် ၁၂၀၊ ဒုတိယနေ့ပွဲစဉ်၌ ပြိုင်ပွဲဝင် ၁၀၄ဦး စုစုပေါင်း ၂၂၄ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာဗစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂ရက်ညနေ ၆နာရီက မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ဆက်လက်ကျင်းပရာ I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှုဒါရိုက်တာ ဦးတင်ဦးက အနီးဆုံး ရိုက်ချက်ဆုရရှိသော ဦးဖိုးက၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ဦးရဲလွင်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် I.B.T.C ကုမ္ပဏီမှအရောင်းနှင့်ဈေးကွက်ဒါရိုက်တာဦးမိုးသန်းချစ်က Most Par ဆုရရှိသော ဦးကိုကိုအောင်၊ Most Birdies ဆုရရှိသော ဦးဇော်မင်းအေး၊ Most Eagle ဆုရရှိသော ဦးကျော်ဆန်းလွင်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ ထုတ်လုပ်မှုဒါရိုက်တာဦးဇော်ထိုက်က နှစ်သိမ့်ဆုရရှိကြသော ဦးခင်ဇော်ဝင်း၊ ဦးအုန်းခေါင်၊ ဦးဇော်ဇော်လတ်၊ ဦးစိုင်းမြင့်အောင်နှင့် ဦးစလွင်တို့အား လည်းကောင်း၊ Han Golf Masters Pte., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းဟန်က နှစ်သိမ့်ဆုရရှိသော ဦးအေးမင်း၊ ဦးဇော်ဝင်းရိုန်း၊ ဦးဝင်းစိန်၊ ဦးဇော်မင်းနှင့် ဦးအုန်းရွှေတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် I.B.T.C ကုမ္ပဏီမှ အုပ်ချုပ်မှုနှင့် ငွေစာရင်းဒါရိုက်တာဦးလွင်အောင်အေးက တတိယဆုရရှိသော ဦးသိန်းလင်းထွန်းအား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ဒုတိယဆုရရှိသော ဦးကျော်ဆန်းလွင်အား လည်းကောင်း၊ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ပထမရရှိသော ဦးဇော်မင်းအေးအား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ပြိုင်ပွဲလက်ခံကျင်းပပေးသော မြို့တော်ဂေါက်ကွင်းအား အမှတ်တရလက်ဆောင်ပေးအပ်ရာ မြို့တော်ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးမျိုးမြင့်က လက်ခံရယူသည်။

ဝိုင်းဝန်းကူညီပံ့ပိုး

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာဗစ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Co.- sponsors များဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club Soda၊ Ping နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည်။

(ကြေးမုံ)

asean

Third Meeting of the ASEAN Committee on Women

29 November - 1 December 2004

YANGON, MYANMAR

World AIDS Campaign
1st December, 2004

"အေအိုင်ဒီအက်စ်ကင်းစင်ဖို့
အမျိုးသမီးများဘဝမြှင့်တင်ဖို့"

"Women, Girls, HIV and AIDS"

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နဝမအကြိမ်မြောက် မဟာဘုံကထိန်အလှူတော်ကျင်းပ

ရန်ကုန် နိဝင်ဘာ ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊နှင့်ဇနီး ဒေါ်ခင်အေးတို့အား အမှူးထား၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် ကျောင်းဒါယကာ၊ ဒါယိကာမများ၏ နဝမအကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ဖုန်းရီခွဲတွင် သာကေတမြို့နယ် (၁၀)ဘောင်ရပ်ကွက် (၁၀၈) ဘောင် ဘုရားဝင်းအတွင်းရှိ ဟင်္သာတအတွင်း ပတ္တမြားပရိယတ္တိစာသင်တိုက်၌ကျင်းပသည်။

အခမ်းအနား၌ ထေရ၀ါဒဗုဒ္ဓတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဗန်းမော်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာကုမာရဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ကြွရောက်တော်မူကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် ဇနီး ဒေါ်မွေမွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား၊ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသား၊ စုများနှင့် ကျောင်း၊ ဒါယကာ၊ ဒါယိကာမများ၊ တက်ရောက်ကြည်ညိုကြသည်။

ရှေ့ဦးစွာ အခမ်းအနား၊ကို ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တဒေါက်တာကုမာရဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား၊ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကထိန်လှူဒါန်းသက်၊ နှင့် လူဖွယ်ပစ္စည်းများကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တဒေါက်တာ ကုမာရဘိဝံသထံမှ ကထိန်အနုမောဒနာ တရားတော်ကို နာယူကြပြီး လူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

(သတင်းစဉ်)

စွမ်းအင်ဒုတိယဝန်ကြီး ရေနံသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုစစ်ဆေးဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် နိဝင်ဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် နိဝင်ဘာ ၂၁ ရက် ညနေဗိုင်းတွင် မြန်အောင်မြို့နယ် ရွေပြည်သာသဘာဝဓာတ်ငွေ့ မြေဖို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ထုတ်လုပ်နေမှု၊ တွင်းသစ်များတိုးချဲ့တူးဖော်ထုတ်လုပ်ရန်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ခံအင်ဂျင်နီယာ(ထုတ်လုပ်ရေး)နှင့် တာဝန်ရှိသူများအား ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရန်၊ အလားအလာကောင်းသော တွင်းသစ်များကို တိုးချဲ့တူးဖော်နိုင်ရန် ပြင်ဆင်ရေးလုပ်ငန်းများကြီတင်ဆောင်ရွက်ကြရန် ညွှန်ကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် နိဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မြန်အောင်ရေနံခွဲတွင်း အမှတ်(၁၆၇) လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိပြီး အလားအလာကောင်းနိုင်သော တွင်းသစ်နေရာများကို စနစ်တကျ လေ့လာဖော်ထုတ် စေလှုံကြောင်း၊ တူးဖော်ဆဲတွင်းများကို သတ်မှတ်ချိန်တွင်ပြီးစီးရေး၊ ဖြစ်ပေါ်လာနိုင်သော လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်တွက်ဆဆောင်ရွက်ရန်ခွဲခွဲခြားမှာကြား၊သည်။

ပြည်ထောင်စုကြိုဒိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းဌေးသည် နိဝင်ဘာ ၂၁ ရက်နံနက်ပိုင်းတွင် မြန်အောင်မြို့ပြည်ထောင်စုကြိုဒိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ပြင်ဆင်လျက်ရှိသော မန်ကျီးကွင်းကျေးရွာအခြေခံပညာ မူလတန်းကျောင်းသို့လည်းကောင်း၊ ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အာရုံခံ တန်ဆောင်း သဲပန်းတခါ၊ တပ်ဆင်နေမှုတို့လည်းကောင်း သွားရောက်စစ်ဆေး၍ အလှူငွေများပေးအပ်လှူဒါန်းသည်။

နေ့လယ်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ဝိန်းအင်းကျေးရွာအုပ်စုဘုရားတောင်ကျောင်းတိုက်၌ ပြုလုပ်သော ကထိန်သင်္ကန်း၊ ကပ်လှူပွဲသို့ တက်ရောက်၍ လူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်ပင်၊ တောင်ကျဲကူး၊ ကပ်ခို၊ လေးတူကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံသည်။

လှူဒါန်း

ညနေပိုင်းတွင် မြန်အောင်မြို့နယ် ဇလုပ်မကျေးရွာ တွဲဖက်အလယ်တန်းကျောင်းသို့သွားရောက်၍ ပညာရေးဆိုင်ရာလိုအပ်ချက်များ ညှိနှိုင်းပေးပြီး ကျောင်းစာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် သခြေကုန်းကျေးရွာနှင့် ဒေါင်းကျကျေးရွာ ဆက်သွယ်သည့် လမ်းပေါ်ရှိ မဲဇင်းချောင်းတံတားပြင်ဆင်နေမှုများကို သွားရောက်စစ်ဆေး၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် နိဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ညောင်မြစ်ဆွဲကျေးရွာကဦးကျောင်းတိုက်၌ကျင်းပသော ကထိန်သင်္ကန်းကပ်လှူပွဲသို့ တက်ရောက်၍ လူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းပြီး ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ကြံခင်းမြို့နယ်စပ်၊ အိုးကျေးရွာ(အနောက်) စက်ရေတွင်းတူးဖော်မည့်နေရာ ပန္နက်ဂိုက်ပွဲများသို့ တက်ရောက်ပြီး အဆိုပါ ကျေးရွာရှိ မမွေါလကျောင်းတိုက်တွင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။ ထို့နောက် ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့သွားရောက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဘက်ရဲမြို့ဝင်တံတားပြင်ဆင်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ မြန်အောင်မြို့နယ် ပြည်ထောင်စုကြိုဒိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဆောင်ရွက်လျက်ရှိသည့် ကျောက်ကုန်း၊ မဲဇလီကွင်း၊ ထောက်ကျန်ကွင်း၊ ကျေးလက်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ညပိုင်းတွင် မြန်အောင်မြို့ တာဝတီသာမဏေဝရဲ၌ မြို့မိမြို့ဖများ၊ အသင်းသား အသင်းသူများ၊ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

ဗဟိုအလုပ်အမှုဆောင်သည် ခရီးစဉ်အတွင်း ကျေးလက် ပြည်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးပမ်းဆောင်ရွက်ချက်များ၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ရင်းလင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာနဝန်ထမ်းမိသား၊စုများ၏ နဝမအကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား၊တွင် ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ်စဉ်။ (သတင်းစဉ်)

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် နိဝင်ဘာ ၂၇

အထက(၁)မြောက်ဥက္ကလာပမြို့ ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဧန်နဝါရီ ၁၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ခန်းမအတွင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ၊ဆရာမများကို ဖိတ်စာများပေးပို့ လျက်ရှိကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးဈေးအေး၊ ဦးအေးကို ဖုန်း–၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးအောင်ကြည်မြင့် ဖုန်း–၆၉၉၁၂၃၊ ၂၅၆၃၉၉၊ ဦးတင်ထွန်း ဖုန်း–၆၉၉၃၃၃၊ ဦးကျော်ဆန်းထွန်း ဖုန်း–၇၀၀၁၆၄၊ ဦးဆုတင်ဖုန်း–၃၇၁၂၇၇၊ ၃၈၀၄၉၉၊ ဒေါ်ခင်မမကြီး ဖုန်း–၆၉၉၉၃၃၉ တို့နှင့် ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရှင်းလင်းတင်ပြ

နိဝင်ဘာ ၉ ရက်က မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဦးဥတ္တမလမ်းတံတား အမှတ်(၁)၊ အမှတ်(၂)နှင့် ရွာသစ်ကေလမ်းတံတား တည်ဆောက်နေမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးညီညီဆွေတို့က ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ် ပရဏ္ဏာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော ပရဏ္ဏာ–မြိုင် ဖြတ်လမ်း ကျောက်ချောလမ်းခင်းနေမှုကို နိဝင်ဘာ ၁၁ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မြင်ကွင်းများ

ငွေကျပ် (၅၀)တန် ထီဖွင့်ပွဲ ဒီဇင်ဘာ ၁ ရက်ဖွင့်မည်

ရန်ကုန် နိဝင်ဘာ ၂၇

(၁၉၁)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဒီဇင်ဘာ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် အမှတ်(၃၈၄)၌ ဖွင့်လှစ်မည်။ ထီဖွင့်ပွဲကို နံနက် ၉နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ယခုထီဖွင့်ပွဲတွင် ငွေကျပ်သိန်း ၃၀၀တစ်ဆု၊ငွေကျပ်သိန်း ၅၀ ၂၉ဆု၊ ငွေကျပ်၂၅သိန်း ၁ဆု၊ ငွေကျပ်ခြောက်သိန်း ၆၆၅ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ်လေးသိန်းလေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀၊ ငွေကျပ်လေးသောင်း ၄၆ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ဆု၊ ငွေကျပ်တစ်သောင်း ၁၇၁၀၀ဆု စုစုပေါင်း ၂၀၁၁ဆု ဖွင့်လှစ်ပေးမည်ဖြစ်သည်။ (၁၉၁)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည်ကထူးရင်များအား ဆုငွေထုတ်ပေးခြင်းကို ဒီဇင်ဘာ ၈ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊နှင်ဆုငွေကျပ်ငါးသိန်းနှင်အောက် ဆုငွေများကို ကိုယ်စား၊လှယ်လွဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထား တင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

ကျိုက်လတ်မြို့နယ် စည်ပင်ကျောက်ချောလမ်းဆောင်ရွက်

ကျိုက်လတ် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျောင်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝင်းနှင့် အမှုဆောင်များက လာရောက်ကြည့်ရှုအား ပေးခဲ့ရာ အမှုဆောင် အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်ဝင်းတို့က ရှင်းလင်း ပြသသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာ အလျားပေ ၁၉၀၀၊ အကျယ်ပေ ၁၀ ရှိ ကျောက်ချောလမ်းဖြစ်ပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၅၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

နိုဝင်ဘာ ၂၁ ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ ကျက်သရေဆောင် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး မီးအုံလင်းနိုင်ရေးအတွက် အလှူငွေကျပ် ၃၈၂၅၇၃၀ ကို အလှူရှင်ဒေါ်ထွေး၊ ဂေါမုတ္တဆေးတိုက်ပိုင်ရှင် ဒေါ်ညိုညိုမိုက ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဘိုထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လမ်းကြံခိုင်မှုစစ်ဆေး

မြစ်ကြီးနာ နိုဝင်ဘာ ၂၇

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေတို့သည် အောက်တိုဘာ ၂၀ ရက်က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ပမ္ဘတီးကျေးရွာမှ ကွန်ယျုတာကောလိပ်သွား ကတ္တရာလမ်း တစ်မိုင် ခြောက်ဖာလုံအား ကြွခိုင်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပြည်ထောင်ကျေးရွာသွား ကျေးလက်ကျောက်ချောခင်းလမ်း ငါးမိုင် ခြောက်ဖာလုံရှိ တံတားများ ကြွခိုင်မှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ပြည်နယ်စည်ပင်)**

ကနောင်အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ကနောင် နိုဝင်ဘာ ၂၇

ကနောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)မြောက် ရွှေရတုပွဲနှင့် ဖြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းသားဟောင်းများ ပူးပေါင်း၍ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ လှူဒါန်းလိုပါက ဦးစိုးထွေး ဖုန်း–၂၉၆၃၇၂၂နှင့် ဦးချစ်ထွေး ဖုန်း–၂၄၂၀၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် အရိပ်ရပင်များ၊ ပန်းအလှပင်များအား ပြုစုပျိုးထောင် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်က မြို့ဝင်ဆိုင်းဘုတ်ဧရိယာအတွင်းရှိ ပန်းအလှပင်များကို အဖွဲ့ဝိုင်ရေသယ်ယာဉ်ဖြင့် ရေဖျန်းဆောင်ရွက်ပေးစဉ်။

(၄၉၇)

(၈)ကြိမ်မြောက် မဟာဘုံကထိန်ကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၂၇

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဖြန်တန်ဆာမြို့ ဇမ္ဗူအေးတောရ (အင်းဝိုင်း) ကျောင်းတိုက်၏ (၈)ကြိမ်မြောက် မဟာဘုံကထိန် ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက် သံဃာတော်များနှင့် ပင့်သံဃာအပါ ၃၀ တို့အား သင်္ကန်းဖွဲ့စုများ ဆက်ကပ်လှူဒါန်းပြီး ဇမ္ဗူအေးတောရ(အင်းဝိုင်း)ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိဇယက အနယ်အနယ်အရပ်ရပ်ရှိ ပရဟိတလုပ်ငန်းများအတွက် အလှူငွေ ၄၄သိန်းကိုလည်းကောင်း၊ တပည့်ဒါယကာများဖြစ်သော ကွယ်လွန်သူ ဗိုလ်မှူးချုပ်လွန်းဝေ၏ဇနီး ဒေါ်ရွှေသက်မိသား စုတို့က ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေးက လက်ခံယူသည်။

ဇမ္ဗူအေးတောရ (အင်းဝိုင်း) ကျောင်း မဟာဘုံကထိန် ထာဝရငွေ ပဒေသာပင် ကျပ်ငါးသိန်းကို ဝေယျာဝစ္စအဖွဲ့က မတည်စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၂၆)

ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်

မြင်းမူ နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(ခြောက်ပိုင်း)၏ ခွင်ပြုချက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ချိပ်ရှဲ၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြေသေ့ သမဝါယမအသင်းလီမိတက်က စုစည်း၍ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မြင်းမူမြို့၌ ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ ရွှေစောလူးဘုရားကွင်း၌လည်းကောင်း၊ မုရွာမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ပြည်သူ့အားကစားကွင်းတွင် လည်းကောင်း၊ ရေဦးမြို့၌ ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ လားရှိုးမြို့၌ ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ယုဟေဝ အားကစားကွင်း၌ လည်းကောင်း နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်၌ စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ဖိနပ် အမျိုးမျိုး၊ ရှဲသုံးကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာ ဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ်တိုင်းရင်းဆေးဝါးနှင့် နိုင်ငခြာဆေးအမျိုးမျိုး၊ အိမ်အလှဆင် ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ သမဝါယမအသင်းများမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ပြပွဲလာပြည်သူများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည် ဖြစ်သည်။

ရောင်းချ

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြေသေ့သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရှ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀ (လိုင်း၆)–၃၉၄၊ ၄၀၈ ရုံးချိန်ပြင်ပ ဖုန်း–၀၃၇၂၆၄ သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(က–ပ)

တရားရုံးစာရေးဝန်ထမ်းများ သင်တန်းဆင်းပွဲကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် တရားရုံးမှ ကြီးမှူးကျင်းပသော ပြည်နယ်၊ ခရိုင်၊ မြို့နယ် တရားရုံး စာရေးဝန်ထမ်းများ လေ့ကျင့်သင်ကြားရေး သင်တန်းအမှတ်စဉ် ၁/၂၀၀၄ ဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက်က မော်လမြိုင်မြို့ ပြည်နယ်တရားရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မွန်ပြည်နယ် တရားသူကြီး ဦးလှဝင်း၊ တွဲဖက် ပြည်နယ်တရားသူကြီး ဒေါ်သင်းသင်းနွဲ့၊ မော်လမြိုင်ခရိုင် တရားသူကြီး ဦးသက်စိုးအောင်၊ ဒုတိယ ခရိုင် တရားသူကြီးများ၊ သင်တန်းသူ နှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် တရားသူကြီး ဦးလှဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

(၂၅၇)

ကြက်ခြေနီတပ်ဖွဲ့ အခြေခံသင်တန်းဖွင့်

နောင်တရာ နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရာမြို့ ကြက်ခြေနီတပ်ဖွဲ့ အခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင် သင်တန်းဖွင့် အမှာစကားပြောကြား ပြီး နောင်တရာ ရဲစခန်းမှူး ရဲအုပ်ကျော်တင်နှင့် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစောသံလွင်တို့က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြသည်။

(မြို့နယ်မြန်/ဆက်)

မြို့နယ်သတင်းများ

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အမှတ်(၄)ရပ်ကွက် အရည်ပေ ၅၅၀၀ ရှိ ရွှေကြို့ပင်လမ်း၊ မြေသားလမ်း၊ လုပ်ငန်းပြီးစီးနေမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒု–အင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ပန်းအလှပင်စုပေါင်းစိုက်ပျိုး

နောင်မွန်း နိုဝင်ဘာ ၂၇

နောင်မွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေး အတွက် အောက်တိုဘာ ၅ ရက်က မြို့တွင်းလမ်းများ လမ်းဘေး၀ဲ–ယာ တစ်လျှောက် ရာသီပန်းအလှပင်များကို အဖွဲ့ဝန်ထမ်းများ၊ မြို့နေပြည်သူများဖြင့် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

လျှုဖွယ်ပစ္စည်းများလောင်းလှူ

နိဝင်ဘာ ၂၆ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဝရဒါဌာဓတုစေတီယစွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကစာတင်ပွဲ၊ ရွှေကြာသင်္ကန်း၊ ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း၊ လောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

တန်ဆောင်မုန်းလပြည့် သာမည၀ဿအခါတော်နေ့ဖြစ် ရန်ကုန်မြို့ရှိဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း မြို့နယ်အသီးသီး၌ ခုပေါင်းဘုံကထိန်ပွဲတော်များကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

ယနေ့သည် တန်ဆောင်မုန်းလပြည့် သာမည၀ဿအခါတော်နေ့ဖြစ်သည်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ပထမသင်္ဃာယနာတင်ဒါယကာဖြစ်လာမည့် အဓာတသတ်မင်းအား ရဟန်းဘ၀ရခြင်း၏အကျိုးများကို ဖော်ညွှန်းသည့် သာမည၀ဿလသုတ္တန်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် ဟောကြားတော်မူခဲ့သည်။ ရဟန်းဘ၀ရခြင်း၏ အကျိုးကိုဖော်ညွှန်းသည့် နေ့ထူးနေ့မြတ်တွင်၀ယ် သံဃာတော်များအား ဝိနည်းတော်ပြဋ္ဌာန်းချက်အချို့ကို ကင်းလွတ်ခွင့်ရရှိစေနိုင်သော "ကထိန်စီ၀ရ" ခေါ် "ကထိန်သင်္ကန်း" ကို သတ်မှတ်ချက်များနှင့်အညီ လှူဒါန်းခွင့်ရရှိစေရာ ကထိန်လျာသင်္ကန်းဆက်ကပ်ပူဇော်ပွဲများကိုလည်း ဝေဝေဆာဆာ ကျင်းပသောနေ့လည်းဖြစ်သည်။ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ မဟာဗိဿဲယ၊ ကမ္ဘာအေး၊ စွယ်တော်မြတ်စေတီ(ရန်ကုန်)၊ မယ်လမု၊ ကျိုက္ကစ်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ ရွှေဘုန်းပွင့်၊ မိုးကောင်း၊ လောကရျမ်းသာအဘယလာဘမှစ်စသည့် ဘုရား၊ စေတီတို့၌ မသိုးသင်္ကန်း၊ ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ ဆက်ကပ်လှူဒါန်းပွဲများ၊ ဗုဒ္ဓဒေသနာတော်ရွက်ဖော်ပူဇော်ပွဲများ၊ သာမည၀ဿအခါတော်နေ့ ပူဇော်ပွဲများ၊ ဒါနသီလဘာ၀နာဆောက်တည်ကုသိုလ်ပြုပွဲများ ဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ ကျင်းပကြရာ၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ ယမန်နေ့တွင် ကျင်းပခဲ့သော အကြိမ်(၂၀)မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁နာရီတွင်

စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်ငံသည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဧကေမိမွဖွဲ့ပြီး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဇန်ဘီးနိုင်မှုစွမ်းအားသည့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း၊ စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှူဒါန်းငွေကျပ် ၁၀သိန်းကို လက်ခံစဉ်။

(သတင်းစဉ်)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်အပူပိုင်းဒေသ ကျေးလက်ပြည်သူ့နှစ်သန်းခန့် ရေရရှိမှုအကျိုး လက်တွေ့ခံစားနေရပြီဖြစ်

ရန်ကုန် နိုဝင်ဘာ ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး၀န်ကြီးဌာန၏ ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး နဝမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်ဓွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဗြိုလ်တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနာ၀တွင် ရှေးဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး၀န်ကြီးဌာန ၀န်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာတွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်နေရာ မြို့နယ်ရှစ်မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး ရေရရှိပြီဖြစ်သကဲ့သို့ မကြာမီကာလတွင် မြို့နယ် ရှစ်မြို့နယ်၌ ကျေးရွာအားလုံး သန့်ရှင်းသောရေ ထပ်မံရရှိတော့မည်ဖြစ်။